# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၉ ခုနှစ် တပေါင်းလပြည့်၊ ကြာသပတေးနေ့။ Thursday 1 March 2018 ၉၂၁၅


# တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနားလည်လာမှ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ထူထောင်နိုင်မည်
# နောင်လာနောက်သားတွေအပေါ် တာဝန်သိစိတ်၊ စေတနာထားစိတ်တွေနဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဝိုင်းဝန်းဆွေးနွေး

## (၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**(၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားသည်။**



**(၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

အစည်းအဝေးတွင် **အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** “အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်တွေအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ အခု အစည်းအဝေးရဲ့ ထူးခြားချက်ကတော့ ကျွန်မတို့ မွန်ပြည်သစ်ပါတီနဲ့ လားဟူပါတီက တက်ရောက်လာခြင်းပဲဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကို သွေးသစ်လောင်းပေးတဲ့အတွက် အင်မတန်မှလည်း ကျေးဇူးတင်ပါတယ်။ ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေကတော့ စုံစုံလင်လင်နဲ့ မတက်ရောက်နိုင်ကြပါဘူး။ တချို့ကဆိုရင် ဒုတိယဥက္ကဋ္ဌတွေ တက်တာရှိတယ်။ တချို့ကကျတော့လည်း ကိုယ်စားလှယ်တွေ လုံးဝမလာတာတွေ ရှိပါတယ်။

ဒီလိုအခြေအနေရှိတယ်ဆိုတော့ ကျွန်မတို့အနေနဲ့ အကြောင်းအရာတွေအားလုံးကိုတော့ ကျေကျေလည်လည်ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုပြောခြင်းအားဖြင့် ကျွန်မတို့က တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကို အလေးမထားလို့ မဟုတ်ပါဘူး။ တစ်ဦးချင်း တစ်ဦးချင်းရဲ့ တန်ဖိုးကို **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)ကိုစွနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းကိုစွနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ အတည်ပြု**

စာမျက်နှာ | ၅

**သွေးချင်းတို့ဌာနီ ရခိုင်ပြည် ဖြည့်ဆည်းခဲ့သည် - UEHRD**

စာမျက်နှာ | ၇




## ကြေးမုံ

# ပတ်ဝန်းကျင်ကောင်းများ မညစ်နွမ်းရေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများ၏ ကိုက် ၁၀၀ ဝန်းကျင်အတွင်း ဖွင့်လှစ်ထားသည့် အရက်၊ ဘီယာဆိုင်များကို ပြန်လည်စိစစ်၍ ပိတ်သိမ်းသွားရေး ဖေဖော်ဝါရီ ၂၆ ရက်နေ့က ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)မှ ကြားသိလိုက်ရသည်။ ယင်းအရေးနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အရေးယူဆောင်ရွက်မှုတို့မှာ လျော်ကန်သင့်မြတ်ပါသည်။

မြန်မာနိုင်ငံတွင် အရက်၊ ဘီယာ ရောင်းဝယ်ဖောက်ကားသုံးစွဲခြင်းမှာ ရန်ကုန်တိုင်းဒေသကြီးတွင်သာမက တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုသဖွယ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ အရက်၊ ဘီယာ ရောင်းဝယ်ဖောက်ကားခြင်းကြောင့် ဖြစ်ထွန်းလာသော အကျိုးရလဒ်ထက် မျက်မှောက်ကာလ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် အနာဂတ်လူ့ဘောင်လောကအပေါ် ရိုက်ခတ်လာမည့် အနုတ်လက္ခဏာများမှာ ပိုမိုများပြားလှသဖြင့် အဆိုပါအရေးကို ယခုအခြေအနေ မတိုင်ခင်ကပင် ပိုမိုမြော်တွေးဆောင်ရွက်သင့်ပေသည်။

လက်ရှိဖြစ်ပေါ်နေသော ထိုအရေးမှာ ဥပဒေ၊ ပြဋ္ဌာန်းချက်များ ရှိပါလျက် မည်သို့သောအကြောင်းများကြောင့် လူမှုဘဝနယ်ပယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေသည်မှာ မတွေးနိုင်ဖွယ်ဖြစ်သည်။ ယစ်မျိုးနည်းဥပဒေ ၂၂ တွင် အရက်သေစာရောင်းချသောဆိုင်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များ၌ အများပြည်သူ ရှုမြင်ရန် မသင့်တော်သော နေရာတွင်လည်းကောင်း၊ သောက်သုံးသူတို့အနီး ဖြတ်သန်းသူတို့အား အနှောင့်အယှက် ဖြစ်စေမည့် နေရာတွင်လည်းကောင်း မဖြစ်စေရ၊ ဈေး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရား၊ ဝတ်ပြုပူဇော်ရာ အနီးအနားတွင် မဖြစ်စေရဟု သတ်မှတ်ထားသော်လည်း အဆိုပါဥပဒေပါ ပြဋ္ဌာန်းချက်များ ပျက်ပြယ်သွားပြီလားဟုပင် ထင်ရလောက်အောင် ဖော်ပြပါနေရာများ အနီးတစ်ဝိုက်တွင် အရက်၊ ဘီယာဆိုင်များ မှိုလို ပေါက်လာသည်ကို အထင်အရှားမြင်တွေ့နေရသည်။

ယခုအခါ တိုင်းဒေသကြီးလွှတ်တော်တွင် ကျောင်းအနီးပတ်ဝန်းကျင်ကိုက် ၁၀၀ အတွင်း တည်ရှိနေသော အရက်၊ ဘီယာဆိုင်များကို ပြည်သူ့ကိုယ်စားလှယ်များက ထောက်ညွှန်ပြသ အသိပေးသဖြင့် ပိတ်သိမ်းရန် စီစဉ် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ ကျောင်းသား လူငယ်များဆိုသည်မှာ အသိမကြွယ်သေးသည့် အနာဂတ် အညွန့်အဖူးလေးများ ဖြစ်သည်။ စူးစမ်းလိုစိတ်နှင့် အတုမြင်အတတ်သင်လွယ်သော အရွယ်များဖြစ်သည်။ ယနေ့ကာလ၌ ကျောင်းသားလူငယ်များ စာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနေချိန်တွင် ကျောင်းပတ်ဝန်းကျင်၌ အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချနေသည်မှာ လျော်ကန်သင့်မြတ်မှုမရှိသည့် အခြေအနေပင် ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် အရက်၊ ဘီယာဆိုင်များ နေရာအနှံ့တွင်ရှိနေပါသည်။ အရက်၊ ဘီယာတို့ကို လူငယ်လူရွယ်များသာမက အရွယ်မရွေးသောက်သုံးကြရာ ငွေကုန်ကြေးကျများခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မိသားစုနှင့်လူမှုဘဝပတ်ဝန်းကျင်ကို အခက်အခဲနှင့် အနှောင့်အယှက်များ ဖြစ်ပေါ်စေခြင်းနှင့် ဒုစရိုက်မှု ပိုမိုဖြစ်စေနိုင်သော တွန်းအားများဖြစ်စေပါသည်။ အရက်၊ ဘီယာကို အလွန်အကျွံသောက်သုံးခြင်းကြောင့် ကိုယ်စိတ်ကျန်းမာရေး ထိခိုက်မှု အမြစ်တွယ်လျှင် ပြန်လည်ကုစားနိုင်ရန် မလွယ်ကူတော့ဘဲ အသက်ပင် သေဆုံးနိုင်ပါသည်။

ထိုမျှအထိ ဆိုးကျိုးများသော အရက်၊ ဘီယာသောက်သုံးမှုကို ဟန့်တားနိုင်မှုမရှိသေးသည့်အပြင် လူငယ် လူရွယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများ ပတ်ဝန်းကျင်တွင်သာမက သတ်မှတ်ပြဋ္ဌာန်းထားသော နေရာအားလုံးတွင် ရောင်းချခြင်းမပြုနိုင်အောင် အလေးထားဆောင်ရွက်ကြရပေလိမ့်မည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယစ်မျိုးဥပဒေတွင်ပါဝင်သည့် အရက်၊ ဘီယာစသည်တို့ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန် ဗဟိုကြီးကြပ်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ မြို့နယ်ကြီးကြပ်ရေးအဖွဲ့များ တရားဝင်ဖွဲ့စည်းထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသားလူငယ်တို့၏ ပတ်ဝန်းကျင်သာမက သတ်မှတ်ထားသောနေရာအားလုံးတွင် အရက်၊ ဘီယာ မရောင်းချရေးကို အနာဂတ်ကိုမြော်တွေး၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# အောင်ဇမ္ဗူရာဇာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**



နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အေလာမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း တည်ထားကိုးကွယ်သည့် ရွှေစည်းခုံပုံတူ အောင်ဇမ္ဗူရာဇာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ အေလာမြို့ဓမ္မရက္ခိတ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်အရှင် သူမြတ်များ ကြွရောက်တော် မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော် ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင် တင်လှူပူဇော်ကြပြီး သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်

**သနပ်ပင် ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများအား သနပ်ပင်မြို့နယ်အတွင်း စွန်ပိကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကျားခေါင်းကျေးရွာ၊ ကွန်းကြီးကျေးရွာ၊ ကုက္ကိုတန်းကျေးရွာများတွင် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျားခေါင်းကျေးရွာတွင် အရှည် ပေ ၅၂၈၀၊ အကျယ် ၆ ပေ၊ ထု ၆ လက်မရှိ ဂဝံလမ်းခင်းခြင်းနှင့် ကျိုက်မဲကျေးရွာတွင် အရှည် ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ထု ၅ လက်မရှိ ရွာချင်းဆက် ဂဝံလမ်းခင်းခြင်းတို့ကို စစ်ဆေးခဲ့ရာ လုပ်ငန်းဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၆၀၀၀ | - | ၉၃၆၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၆၀၀၀ | - | ၉၃၆၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၅/၇၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၄၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၃၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၇၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၃.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၇၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၁.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြို့နယ်သတင်းထောက်များ ဆက်သွယ်ရန်

ကြေးမုံသတင်းစာသို့ သတင်းရေးသားပေးပို့နေကြသည့် မြို့နယ်အသီးသီးရှိ ကြေးမုံသတင်းထောက်ကတ် ကိုင်ဆောင်ထားသော မြို့နယ်သတင်းထောက်များအား ပြန်လည်စိစစ်ရန်နှင့် သတင်းစာမူကိစ္စဆက်သွယ်ရန် ဦးဌေးအောင်(သတင်းထောက်မှူး)(ရန်ကုန်) ဖုန်း-၀၉-၄၂၀၇၆၆၃၃၂ နှင့် ဦးနိုင်လင်းကြည်(နေပြည်တော်) ဖုန်း-၀၉-၄၂၇၀၄၉၈၀၄ တို့သို့ အမြန်ဆက်သွယ်ကြပါရန်။

**ကြေးမုံသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇီးပင်ဝဲအနောက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက်က လှည်းကူးမြို့မရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းငွေနှင့် စခန်းမှူး ဒု-ရဲမှူး မောင်မောင်ဦးတို့က သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောဆွေးနွေးစဉ်။ **သန်းဝင်း(လှည်းကူး)**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ သံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာအား တွေ့ဆုံနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံ-ဩစတြေးလျနိုင်ငံ အထူးထိပ်သီးအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

စာရင်း၊ နှစ်အလိုက်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု၊ ဝင်ငွေရရှိမှုနှင့် ခရီးသွားဧည့်သည်များအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စခန်းအတွင်း ဆင်များရေချိုးဆိပ်၊ ကြိုးတံတား၊ ပန်းခြံနှင့် တည်းခိုဆောင်များ ဆောက်လုပ်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပဲခူးရိုးမဧရိယာ သစ်တောဖုံးလွှမ်းမှုနှင့် အခြားမြေအသုံးချမှု၊ ပဲခူးရိုးမအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစီးမှု၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ထားမှု၊ သစ်တောစိုက်ခင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု၊ ပဲခူးရိုးမအတွင်း တောဆင်ရိုင်းများ လှုပ်ရှားသွားလာမှု၊ ဆင်များ သတ်ဖြတ်ခံရမှုနှင့် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက ဖိုးကျားဆင်စခန်းအတွက် လိုအပ်နေသည့် လျှပ်စစ်မီးရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်သူများနှင့် ဆင်များအား သတ်ဖြတ်နေသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူရန်လိုကြောင်း၊ သစ်ခိုးထုတ်မှုများတွင် နောက်ကွယ်မှ စေခိုင်းသူများကိုပါ ဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူသွားရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုကြောင်း၊ ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရန်အတွက် လိုအပ်ပါက သက်ဆိုင်ရာဥပဒေနှင့် ပြစ်ဒဏ်များ ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ရန် တစ်ကမ္ဘာလုံးက ဆောင်ရွက်နေကြပါကြောင်း၊ သစ်တောများ ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် ပဲခူးရိုးမဒေသအတွင်းသာမက မြန်မာတစ်နိုင်ငံလုံးတွင် လုပ်ဆောင်ရမည့် အရေးကြီးသော လုပ်ငန်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် သစ်ထုတ်ခဲ့သည့်နေရာများတွင် ဒေသနှင့်လိုက်လျောညီထွေဖြစ်မည့် တန်ဖိုးရှိသစ်ပင်များ အစားထိုးစိုက်ပျိုးရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖိုးကျားဆင်စခန်းရှိ ဆင်ပြတိုက်၊ တည်းခိုဆောင်နှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖိုးကျားဆင်စခန်းရှိ ဆင်များ၏ အလှသရုပ်ဖော်ပြကွက်များကို ကြည့်ရှုအားပေးသည်။

ဖိုးကျားဆင်စခန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း အကွက်အမှတ် ၈၃ တွင် တည်ရှိသည်။ ယင်းစခန်းတွင် ဆင်ကောင်ရေ စုစုပေါင်း ၁၄ ကောင်ရှိပြီး ဆင်များရေချိုးပေးရာတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ဆင်များ၏ သရုပ်ပြဖျော်ဖြေမှုများအား ကြည့်ရှုခြင်း၊ ဆင်စီးခြင်း၊ အစာကျွေးခြင်း၊ ဖိုးကျားဆင်စခန်းနှင့် သိုင်းချောင်းဆင်စခန်းအား ဆင်ဖြင့် ကြို၊ ပို့ စီစဉ်ပေးခြင်း၊ ဆင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအား လေ့လာနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ခြင်း စသည့် ဝန်ဆောင်မှုများ ပေးထားသည်။ ထို့ပြင် စခန်းအတွင်း ဖိုးကျားဆင်စခန်းပြတိုက်၊ ကြိုးတံတားနှင့် ရှုခင်းသာ၊ တည်းခိုဆောင်များနှင့် ပန်းခြံတို့ကိုပါ ထည့်သွင်းတည်ဆောက်ထားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဝင်္ဘောဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး ဆင်များကိုအစာကျွေးနေစဉ်။

ယင်းနောက် ဒုတိယသမ္မတသည် ဝင်္ဘောဆင်စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန အထွေထွေမန်နေဂျာ ဦးလှမိုးအောင်က ဝင်္ဘောဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက် ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ဝင်ငွေရရှိမှုနှင့် ဆင်ကြီးများအပြင် အမိမဲ့ဆင်ငယ်ကလေးများပါ ပြုစုစောင့်ရှောက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆင်စခန်းများသို့ လာရောက်လေ့လာကြသည့် ခရီးသွားဧည့်သည်ဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ယခုထက်ပိုမိုပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ဆင်စခန်းများသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန် မီဒီယာအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြော်ငြာရန်လိုကြောင်း၊ လူသိများလာသည်နှင့်အမျှ လူများ ပိုမိုဝင်ရောက်လာနိုင်ပြီး ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး ဝင်္ဘောဆင်စခန်းအတွင်း ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝင်္ဘောဆင်စခန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ပဲခူးမြို့နှင့် ၁၄ မိုင်အကွာတွင် တည်ရှိပြီး စခန်းအကျယ်အဝန်းမှာ ၈၆ ဧကကျော်ရှိသည်။ ယင်းစခန်းတွင် ဆင်ကြီးများအပြင် အမိမဲ့တောဆင်ကလေးများနှင့် အမိမဲ့အိမ်ဆင်ကလေးများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ပြည်တွင်း ပြည်ပဧည့်သည်များအနေဖြင့် ဆင်များအား ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စီးခြင်း၊ ဆင်စာကျွေးမွေးခြင်း၊ ဆင်များအားရေချိုးပေးခြင်း၊ အမိမဲ့ ဆင်ကလေးများအား နို့တိုက်ကျွေးခြင်းနှင့် ဆင်များ၏ သရုပ်ပြဖျော်ဖြေမှုအား ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေတိဂုံစေတီတော်၏ ၂၆၀၆ နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်၏ ၂၆၀၆ နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်၍ စေတီတော်ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**ဇော်မင်းလတ်**

# ဝိဇ္ဇောတာရုံစာသင်တိုက် ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး အဘိဇဗမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇ္ဇောတသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသို့ ယနေ့ ညနေ ၃ နာရီခွဲတွင် ကြွရောက်တော်မူလာရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ဧည့်ကြိုဆောင်မှ ခရီးဦးကြိုဆိုကာ လွှတ်တော်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမသို့ ပင့်ဖိတ်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မဩဝါဒစကားများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နှစ်ရှည်ငှားရမ်းရေး ဆွေးနွေးသဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည့် အမှတ်(၃၅)အကြီးစားစက်ရုံ (ချောက်)အား Myanmar Electrical Business Group Public Co., Ltd. သို့ နှစ်ရှည်ငှားရမ်းရေး "ဆွေးနွေးသဘောတူညီမှုစာလွှာ" (AoD) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လျှပ်ကာကြွေသီးများသည် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်ပင် ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်ဖြစ်သည့်အတွက် အရည်အသွေးကောင်းမွန်ပြီး ရေရှည်အသုံးခံနိုင်စေရန် International Electrotechnical Commission (IEC) စံနှုန်းများနှင့်အညီ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုများ မရှိစေရန် လိုအပ်သော အကြိုလေ့လာဆန်းစစ်မှုများကို ကြိုတင်ဆောင်ရွက်ရန်၊ လုပ်ငန်းစတင်လည်ပတ်လုပ်ကိုင်ရာတွင်လည်း စက်ရုံရှိ ဝန်ထမ်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူလူထုအတွက် လူမှုရေးတာဝန်သိမှု (CSR) လုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် ဈေးကွက်တွင် ပြည်ပမှ တင်သွင်းလာသည့် ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်အောင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီနှင့် Myanmar Electrical Business Group Public Co., Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမြင့်သိန်းတို့က "ဆွေးနွေးသဘောတူညီမှုစာလွှာ" Agreement on Discussion (AoD) ကို လက်မှတ်ရေးထိုးပြီး စာချုပ်အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။**(အပေါ်ပုံ)**

စက်ရုံအား နှစ်ရှည်ငှားရမ်းရေး စာချုပ်ချုပ်ဆိုပြီးနောက် စက်ရုံတွင် ခေတ်မီစက်များနှင့် နည်းပညာများ ထပ်တိုးဖြည့်ဆည်းပြီး လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်ကာကြွေသီးနှင့် လျှပ်စစ်ပစ္စည်းများကို နိုင်ငံတကာ သတ်မှတ်စံနှုန်းများအတိုင်း ထုတ်လုပ်၍ ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်း**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၃၀/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့သည့် **ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**၏ သက်တမ်းကို ၁-၃-၂၀၁၈ ရက်မှစ၍ တစ်နှစ်ထပ်မံတိုးမြှင့်သတ်မှတ်လိုက်သည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**နာယက**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် DRI တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် Democracy Reporting International (DRI) တို့သည် လူ့အခွင့်အရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် Democracy Reporting International (DRI) မှ မြန်မာနိုင်ငံကိုယ်စားလှယ် Ms. Eva Gil တို့က လက်မှတ်ရေးထိုးကြသည်။**(ဝဲပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးညွန့်ဆွေ၊ ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်လေး၊ ဦးစိုးဘုန်းမြင့်နှင့် Democracy Reporting International မှ မြန်မာနိုင်ငံကိုယ်စားလှယ် Ms. Eva Gil နှင့် Mr. Thibautတို့ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၁) ရေးဆွဲခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်အား DRI က နည်းပညာပံ့ပိုးပေးရေးတို့ အပါအဝင် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)ကိစ္စနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူ အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၁)ကိစ္စနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်း ကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အစုအဖွဲ့တို့ဖြင့် ဖွဲ့စည်း

ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁) ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ယင်းစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ အစိုးရသစ် တာဝန်လွှဲပြောင်းပြီး နောက် ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟို ကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယခင်အစိုးရ လက်ထက်ချမှတ်ခဲ့သည့် ပြ၁ဗ လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည် ဖော်ဆောင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ များကျင်းပရေးတို့ကို ဆုံးဖြတ်ခဲ့ပါကြောင်း၊ ၎င်းနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (ဗြဏဃ)နှင့် ငြိမ်းချမ်းရေး ကော်မရှင်(ဏဃ)တို့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (ညသေည ဏနခေန ိငူသါကန ်သညေအ ယသာာငအေအနန-့ဏီဃ) ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၄၈/၂၀၁၆ ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစု အဖွဲ့တို့ဖြင့် အဖွဲ့ဝင် ၄၈ ဦး ပါဝင်ဖွဲ့စည်းခဲ့ပါကြောင်း။

### သဘောတူညီမှုရရှိခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ က ချမှတ်ပေးသည့် အခြေခံလမ်းညွှန်ချက်များ၊ ဆွေးနွေး ရမည့် ခေါင်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုး သားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုမှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ၃ ကြိမ်၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ၃ ကြိမ်၊ အရပ်ဘက် လူ့အဖွဲ့အစည်း ဖိုရမ်တစ်ကြိမ်တို့ကို ကျင်းပခဲ့ပြီး ဖော်ပြပါ နိုင်ငံရေးဆွေးနွေး ပွဲများမှရရှိလာသည့် သဘောထားစုစည်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ မူဝါဒအဆိုပြုလွှာများအဖြစ် အဆိုပြုတင်သွင်းခဲ့ပါကြောင်း၊ အဆိုပြုတင်သွင်းသည့် မူဝါဒအဆိုပြုချက်များအပေါ် ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ အဆင့် ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသည့်အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှုရရှိခဲ့ပါကြောင်း။

အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း(၁)တွင် နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၁၂ ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၁၁ ချက်၊ လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၄ ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီ ချက် ၁၀ ချက် စုစုပေါင်းသဘောတူညီချက် ၃၇ ချက် ပါဝင်ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း(၁)ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပိုဒ် ၂၀၊ အပိုဒ်ခွဲ(င)အရ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်း အဝေး၌ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့်



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

အသိသက်သေများက ၂၀၁၇ ခုနှစ် မေ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀၊ အပိုဒ် ခွဲ(စ)တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟုလည်းကောင်း၊ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်အခန်း(၈) အပိုဒ် ၂၈ တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်း ကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ်တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူရမည်ဟုလည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏လုပ်ငန်းလမ်း ညွှန်အပိုဒ် ၃၊ အပိုဒ်ခွဲ(ဈ)တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီသည် ပြည်ထောင်စုသဘောတူ စာချုပ်အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ်တစ်ရပ်လုံးကိုလည်းကောင်း အနီးဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်း များနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်ရမည်ဟုလည်းကောင်း ဖော်ပြပါရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ပြည်ထောင်စု လွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူရန်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

### သဘောတူစာချုပ် လက်မှတ်ရေးထိုး

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုး ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်က ဆက်လက်ရှင်းလင်းတင်ပြရာတွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ် ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင် လက်မှတ်ရေးထိုးခြင်းအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်အနေဖြင့် တင်ပြမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ၈ ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ယင်းစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဖွဲ့စည်းခဲ့သည့် ငြိမ်းချမ်း ရေးကော်မရှင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကိုယ်စားလှယ် အဖွဲ့ (နူနါအေသည ်သမ ဏနခေန မြှါသအငအေသည ီဏ])နှင့် အလွှတ်သဘောဆွေးနွေးပွဲ ၉ ကြိမ် ကျင်းပခဲ့သည့် အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ့ညအနိ ြအေသညငူေအငနျ ်နိနမငူ ယသကညခငူ-်ပြ ခေါင်းဆောင် များနှင့်တွေ့ဆုံခြင်း၊ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက် တစ်အစည်းအရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းများ ရှိခဲ့သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

### လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၌ ပြည်ထောင်စု လွှတ်တော်က အတည်ပြုထားသည့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ် ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပ ခဲ့ရာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်း ပြည်ပ အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

### ပြည်ထောင်စုလွှတ်တော်က အတည်ပြု

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ အကျိုးသက်ရောက်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေးသဘောတူစာချုပ်၏ အပိုဒ် ၂၆ တွင် ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်း၍ သဘောတူညီချက် ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်ဟု ဖော်ပြပါရှိသဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ထပ်မံပါဝင်လက်မှတ်ရေး ထိုးခြင်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့က ပါဝင်လက်မှတ် ရေးထိုးခြင်းအား ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကိစ္စနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေး ထိုးခြင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြု ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအတွင်းရေး မှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

### အမည်စာရင်းတင်သွင်းနိုင်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ ၆ လ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်း ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပြုတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုတစ်ခုချင်းစီအလိုက် ပြည်သူ့လွှတ်တော်ရုံး၊ အမျိုး သားလွှတ်တော်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည် ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော် ၏ သဘောတူညီချက်ရယူရာ လွှတ်တော်က အတည်ပြု ကြောင်း ကြေညာသည်။

### ပြောင်းလဲတာဝန်ပေးအပ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားရှိသော အာဆီယံ ပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံ တကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့၏ သက်တမ်းတိုးမြှင့်ခြင်းနှင့် အဖွဲ့ဝင်ပြောင်းလဲတာဝန်ပေးအပ် ခြင်းတို့ကို လွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူ ရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ သက်တမ်း တိုးမြှင့်ရန် လျာထားတင်ပြသည်။

### သက်တမ်းတစ်နှစ်တိုးမြှင့်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရာ သဘောမတူသူရှိသည့်အတွက် စက်ခလုတ် အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၉ မဲနှင့် ကြားနေမဲ ၆ မဲဖြင့် ထောက်ခံမဲများသည့်အတွက် ကော်မရှင်၏သက်တမ်း တစ်နှစ်တိုးမြှင့်ခြင်းကို လွှတ်တော် က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှု တိုက် ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း ၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက မြန်မာနိုင်ငံအနေဖြင့် အဆိုပါ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ အပြန်အလှန်မျှဝေပေးနိုင်ပြီး အကြမ်းဖက် သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှု များနှင့် နောက်ခံသမိုင်းကြောင်းများကို စုံစမ်းဖော်ထုတ် နိုင်ရန်နှင့် နည်းပညာအကူအညီအထောက်အပံ့များကို ရနိုင်ခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများသာမက နိုင်ငံ တကာနှင့်ပါ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း အခန်းကဏ္ဍ များကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူ ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

### ဂျပန်ယန်း ၁၅ ဘီလီယံချေးယူရန် ကိစ္စ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၁၅ ဘီလီယံချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ချေးငွေချေးယူခြင်းဖြင့် သက်သာသော အတိုးနှုန်းထားဖြင့် နှစ်ရှည်ပေးဆပ်ရင်း အိမ်ရာပိုင်ဆိုင်ခွင့်ရခြင်း၊ အိမ်ရာ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်၍ ဝင်ငွေနည်း ပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း များပြားစေခြင်း၊ လက်ရှိရင်ဆိုင်နေရသော အိမ်ရာလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့် ဆည်းပေးနိုင်ခြင်းတို့ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ချေးငွေများဖြင့်

**စာမျက်နှာ ၉ သို့** ◆

# တိပိဋကဓရဘွဲ့ ဖြစ်ပေါ်စေရန် အကျိုးပြုသောအကြောင်းများ (ဒုတိယပိုင်း)

**■ သီဟန်သိန်း(အေးချမ်းမြေ)**

သာသနာတော်နှစ် ၂၄၉၈၊ မြန်မာသက္ကရာဇ် ၁၃၁၆ (ခရစ်နှစ် ၁၉၅၄)တွင် စတင်ခဲ့သော ဆဋ္ဌသံဂါယနာတင်ပွဲကြီးသည် သာသနာနှစ် ၂၅၀၀ ပြည့်၊ မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့် (ခရစ်နှစ် ၁၉၅၆ မေလ ၂၂ ရက်)နေ့တွင် ပြီးစီးအောင်မြင်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားကဲ့သို့ပင် ထိုနေ့အပါအဝင် သုံးရက်တိုင်တိုင် အောင်ပွဲအခမ်းအနားကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ပြည်ပထေရဝါဒနိုင်ငံ ကိုယ်စားလှယ်များလည်း ဆဋ္ဌသံဂါယနာတင်ပွဲကြီးသို့ တက်ရောက်ကြည်ညိုခဲ့ကြသဖြင့် မြန်မာနိုင်ငံအနေဖြင့် ထေရဝါဒနိုင်ငံများ အလယ်တွင် ဝင့်ထည်နိုင်ခဲ့သော သမိုင်းဝင်ဗုဒ္ဓသာသနာပွဲတော်တစ်ခု ဖြစ်ခဲ့ပါသည်။ ဆဋ္ဌသံဂါယနာတင်အောင်ပွဲသို့ သံဃာတော်အပါး ၂၅၀၀ တို့ တက်ရောက်ကြသဖြင့် သာသနာတော် ၂၅၀၀ ပြည့် အထိမ်းအမှတ်ပွဲကြီးလည်း ဖြစ်ခဲ့ပါသည်။

ဤဆဋ္ဌသံဂါယနာတင်ပွဲ၏ ထူးခြားချက်မှာ ထေရဝါဒ ငါးနိုင်ငံမှ သံဃာတော်ပေါင်း ၂၅၀၀ တက်ရောက်၏။ ယင်းပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြည်ညိုခြင်း၊ အဆိုပါ သံဃာ ၂၅၀၀ တည်းမှ ဘာဏကအဖွဲ့အလိုက် သံဃာတော်များက နှုတ်ဖြင့် သံပြိုင်ရွတ်ဆို သံဂါယနာတင်ခြင်း၊ မုခါရုဋ္ဌနှင့် စက္ကူလွှာများပေါ်တွင် ခဲစာလုံးဖြင့် ပုံနှိပ်ရိုက်ကူး၍ ပေါတ္ထကာရုဠ္ဌ သံဂါယနာတင်ခြင်းများ ဖြစ်ပါသည်။

**ဆဋ္ဌသံဂါယနာအမွေ**

ထေရဝါဒဗုဒ္ဓသာသနာတော်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့သော အဆုံးအမများကို သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်တိုင် ထင်ရှားရှိနေသည့်အလား မှတ်ယူလျက် တစ်သဝေမတိမ်း လိုက်နာကျင့်သုံးသော ဗုဒ္ဓဘာသာဖြစ်သည့်အားလျော်စွာ ပိဋကတ်သုံးပုံပါဠိတော်နှင့် ပါဠိတော်ကို ထပ်မံဖွင့်ဆိုရှင်းပြသည့် အဋ္ဌကထာဋီကာ စသည့် ပိဋကတ်ကျမ်းစာများသည် ပရိယတ္တိသာသနာတော်အဖြစ် အရေးပါကြသည်။ သာသနာသုံးရပ်ရှိသည့်အနက် ပရိယတ္တိသာသနာတော် တည်ရှိမှသာ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတို့ တည်ရှိမည်ဖြစ်၍ အခြေခံကျသော ပရိယတ္တိသာသနာတော် ပြန့်ပွားအောင် အားပေးချီးမြှောက်ကြရ၏။

မြန်မာနိုင်ငံတွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် ဘာသာရေးအားဖြင့် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါသည်။ ထေရဝါဒ ပိဋကတ်ကျမ်းစာများကို ကျောက်စာ၊ ပေစာနှင့်မတူ၊ စာလုံးများ၊ စာပိုဒ်များ၊ ပိုဒ်ခွဲများ စနစ်တကျ ထားသိုခြင်း၊ သန့်စင်သော ဆဋ္ဌမူဖြင့် ပုံနှိပ်ဆောင်ရွက်ထားခြင်းတို့ကြောင့်လည်း ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များ၏ စာချ၊ စာသင်လုပ်ငန်းများ၌ လွန်စွာပင် အထောက်အကူပြုသဖြင့် မြန်မာနိုင်ငံသည် အခြားထေရဝါဒနိုင်ငံများထက် ပရိယတ္တိသာသနာ ထွန်းလင်းသည်ကို တွေ့ရှိနိုင်ပြီး ထေရဝါဒနိုင်ငံများအလယ်တွင် ရှေ့ဆောင်နိုင်ငံအဖြစ် ဝင့်ကြွားနိုင်ခဲ့ပါသည်။

မဟာပါသာဏလိုဏ်ဂူတော်ကြီး အပါအဝင် ပိဋကတ်တိုက်၊ ပြတိုက်၊ ကျောင်းဆောင်ကြီးလေးဆောင် စသည့် သာသနိကအဆောက်အအုံများသည် ဆဋ္ဌသံဂါယနာအမွေ သမိုင်းဝင်အဆောက်အအုံများဖြစ်ပါသည်။ ယင်းအဆောက်အအုံများထက် ဆဋ္ဌသံဂါယနာမူ ပိဋကတ်သုံးပုံကျမ်းစာများကို ဆဋ္ဌမူအဖြစ် ထိန်းသိမ်းလျက် စနစ်တကျ ပုံနှိပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက် (ယခုအခါ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်)ကြီးသည် ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏ အဓိကရည်မှန်းချက်ကို ယနေ့တိုင် စဉ်ဆက်မပြတ် တာဝန်ကျေ ဆောင်ရွက်ပေးလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ဘုရားရှင်၏ အဆုံးအမသာသနာတော်သည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်ကို ဦးတည်၍ ရင့်ကျက်လာအောင် မြှင့်တင်ရန်ဖြစ်သည်။ ခေတ်ကာလအလိုက် ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်မှုနောက် လိုက်ပါကျင့်သုံးရန် အခြေခံမှုမရှိအပ်ပါ။ သို့သော်လည်း ယနေ့ခေတ်အခါတွင် စာချ၊ စာသင်၊ တရားဟောရာ၌ အသံချဲ့စက်၊ ကွန်ပျူတာ၊ ပရိုဂျက်တာအသုံးပြုခြင်း၊ ကျောက်သင်ပုန်းအစား White Board အသုံးပြုခြင်း၊ ရုပ်မြင်သံကြားတွင် တရားနာခြင်း၊ ဘုရားအာရုံပြုနိုင်ခြင်း၊ ပါဠိစာများကို အင်တာနက်မှ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ကုန်း၊ ရေ၊ လေ၊ ယာဉ်ရထားဖြင့် ပြည်တွင်း၊ ပြည်ပသာသနာပြုကြွရောက်နိုင်ခြင်း စသည်ဖြင့် ခေတ်မီရုပ်ဝတ္ထုပစ္စည်းများသည် ဘာသာသာသနာ ထွန်းကားပြန့်ပွားရေးတွင် မသုံးမဖြစ် အသုံးချဆောင်ရွက်လာနိုင်ကြပါသည်။

၁၉၆၃ ခုနှစ်နောက်ပိုင်း ဆဋ္ဌသံဂါယနာမူကျမ်းစာများကို ထိန်းသိမ်းလျက်ရှိသော ဗုဒ္ဓသာသနာအဖွဲ့ မရှိတော့သည့်နောက် ယင်းနေရာ၌ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်က လွှဲပြောင်းတာဝန်ယူခဲ့သည်။ ဆဋ္ဌသံဂါယနာတင် ဆရာတော်များ တည်းဖြတ်သုတ်သင်ထားသည့်မူများကို ခဲစာလုံးဖြင့်စာစီ၍ ရှေးဟောင်းစက်များဖြင့် ပုံနှိပ်ခဲ့ပြီး ရရှိထားသည့် ထိုမူအတိုင်း လစ်သိုပုံနှိပ်စက်ဖြင့် နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပုံနှိပ်ဆောင်ရွက်ခဲ့ပါသည်။ ပုံနှိပ်ဖလင်များ၊ ပုံနှိပ်မူများမှာ မည်မျှသန့်ရှင်းအောင် လုပ်ဆောင်ပါသော်လည်း မူသန့်ရရှိရန် အားနည်းလာကြပြီးဖြစ်ပါသည်။ ခဲစာလုံး စာစီပုံနှိပ်လုပ်ငန်းများမှာလည်း ခေတ်ဟောင်း၊ ခေတ်လွန် စက်ကိရိယာများ ဖြစ်ကြလျက် အသုံးပြုဆောင်ရွက်ခြင်း၌ ခေတ်ကာလနှင့် မကိုက်ညီ၍ အချိန်ကြာမြင့်နေပါသည်။

**IT ခေတ်နှင့်အညီ စာကိုစီ**

ယခုအခါ ရုပ်ဝတ္ထုပိုင်းအရ ကွန်ပျူတာ၊ အင်တာနက်၊ အိုင်တီခေတ်ဟူ၍ ခေတ်မီနည်းပညာများက အလွယ်ကူဆုံး၊ အတိကျဆုံး နေရာတကာအနှံ့ တိုးတက်နေပြီဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာမူ ပိဋကတ်ကျမ်းစာများကို ခေတ်မီနည်းပညာများအသုံးပြု၍ ထားသိုသိမ်းဆည်းခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ဝေခြင်းများ တစ်ခေတ်ဆန်းဆောင်ရွက်ရန်မှာ မြန်မာဗုဒ္ဓဘာသာ ရဟန်းရှင်လူတိုင်း၏ ဆဋ္ဌသံဂါယနာတင်ပွဲကြီးက ပေးထားခဲ့သော ဆက်လက်စွမ်းဆောင်ကြရမည့် အမွေခံတစ်ရပ်ပင် ဖြစ်ပါသည်။

ဆဋ္ဌသံဂါယနာခေတ် ခဲစာလုံးစာစီပုံနှိပ်မူများအား မိတ္တူ(ဓာတ်ပုံ)ရိုက်ပြန်လည်ဆောင်ရွက်နေရသဖြင့် စာလုံးပီပြင်မှုနည်းပါးလာခြင်း၊ E – Library ခေါ် ကွန်ပျူတာစာကြည့်တိုက်သုံး၍ စာဖတ်မှုမပြုနိုင်ခြင်း၊ အင်တာနက်ပေါ်တင်၍ ကမ္ဘာသုံးမဆောင်ရွက်နိုင်ခြင်းများအား သိရှိတော်မူသည့် သယ်န်းကျွန်းမြို့နယ်၊ ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဒ္ဓိယသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားသြဝါဒခံယူကာ ပိဋကတ်သုံးပုံ ပါဠိတော်များကို စာလုံး၊ စာမျက်နှာ၊ အောက်ခြေမှတ်စုကအစ ဆဋ္ဌသံဂါယနာမူအတိုင်း ကွန်ပျူတာ စာစီမူရရှိရေးအတွက် ကွန်ပျူတာပညာရှင်များ အကူအညီ ကိုရယူလျက် ဝီရိယ၊ ဇွဲ၊ လုံ့လ စွဲမြဲစွာဆောင်ရွက်ခဲ့ရပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကွန်ပျူတာတွင် မူလစာသားနှင့် ထပ်ရိုက်စာသား တစ်ထပ်တည်းတူသည်အထိ စိတ်ကြိုက်ပုံစံရရှိသောအခါ

> **တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး အဓွန့်ရှည် အကြိမ်များစွာ ဆက်လက်ကျင်းပနေသမျှ ဓမ္မဒါန၊ ဓမ္မပူဇာနှင့် စေတိယပူဇာအဖြစ် ဘဝဆက်တိုင်း ပညာသံဝတ္တနိက ကုသိုလ်အကျိုး ပွားတိုးနေသည်ဟု ယုံကြည်လှူဒါန်းကြခြင်းပင် ဖြစ်ပေသည်။**

ဆဋ္ဌသံဂါယနာမူကို လက်လွတ်မခံဘဲ ကိုယ်တိုင်ကြီးကြပ်ခြင်း၊ ပါဠိပညာရှင်များ အဖွဲ့ဖွဲ့၍ စနစ်တကျ ကြီးကြပ်စေခြင်းတို့ဖြင့် ပိဋကတ်တော်များကို ကွန်ပျူတာမူချောဖြစ်အောင် ဆောင်ရွက်ခဲ့ပြီး ပိဋကတ်သုံးပုံရှေ့ပိုင်း သင်ရိုးကျမ်းစာအတွဲရေ ၂၀ ပုံနှိပ်နိုင်ခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တသဒ္ဓိယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အုပ်တွဲ ၂၀ ကျော်ကို အုပ်ရေ ၁၀၀၀စီ ပုံနှိပ်လှူဒါန်း၍ ရန်ပုံငွေတစ်ရပ် ထူထောင်ပေးထားခဲ့ပေသည်။ သီးသန့်အလှူရှင်များ၏ အလှူငွေများဖြင့် ဆဋ္ဌသံဂါယနာမူ(ကွန်ပျူတာ) သင်ရိုးပိဋကတ်သုံးပုံအတွဲရေ ၂၀ ကို ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ပြီး ပိဋကတ်တော်စုံရေ ၆၅ စုံ၊ ကျမ်းစာအုပ်ပေါင်း ၁၃၀၀ ကို တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ကြီးသို့ သြဝါဒါစရိယဆရာတော်ကြီးများ အမျူးထားကာ စေတနာသုံးတန်ပြဋ္ဌာန်းလျက် စေတနာရှင်၊ ကုသိုလ်ရှင်အများက လှူဒါန်းနေကြရခြင်းဖြစ်သည်။ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး အဓွန့်ရှည် အကြိမ်များစွာ ဆက်လက်ကျင်းပနေသမျှ ဓမ္မဒါန၊ ဓမ္မပူဇာနှင့် စေတိယပူဇာအဖြစ် ဘဝဆက်တိုင်း ပညာသံဝတ္တနိက ကုသိုလ်အကျိုး ပွားတိုးနေသည်ဟု ယုံကြည်လှူဒါန်းကြခြင်းပင်ဖြစ်ပေသည်။

**ကုသိုလ်ဒါန ဆက်ဝေမျှ**

ပိဋကတ်သုံးပုံပါဠိတော် ကျမ်းစာအုပ်အစုံများအား သာသနာတော်သို့ လှူဒါန်းသွားမည်ဖြစ်ပြီး ကွန်ပျူတာစာစီ ပိဋကတ်တော်များ နောင်အခါ ပြန်လည်ရိုက်နှိပ်နိုင်ရန်အတွက် ရန်ပုံငွေထိန်းသိမ်းခြင်း၊ စက်တင်ပုံနှိပ်ရာ၌ စာအုပ်၊ စက္ကူအချုပ်အလုပ် အရည်အသွေး မကျစေရန် ထိန်းသိမ်းခြင်း၊ ကျမ်းစာအုပ်ကျောဘက်၌ဖော်ပြထားသော မူလအလှူရှင်ဒါယကာ၊ ကောင်းမှုရှင်အမည် မပျောက်ပျက်အောင် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်များ ဆောင်ရွက်ရန်အတွက် ပညာသံဝတ္တနိက ကုသိုလ်တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးရုံး၏ ၂၉ - ၃ - ၂၀၁၆ ရက်စွဲဖြင့် ခွင့်ပြုချက် ရယူထားနိုင်ခဲ့ပါသည်။

ပညာသံဝတ္တနိက ကုသိုလ်ရှင်များနှင့် ကိုယ်၊ ဉာဏ်နှင့် ပညာစွမ်းအား၊ သဒ္ဓါစွမ်းအား ပါဝင်ကြသူများ စုပေါင်း၍ နာယကဘဒ္ဒန္တသဒ္ဓိယနှင့် ဘဒ္ဒန္တဉာဏသာမိ(ဓမ္မစကြာကျောင်းဆရာတော်)ဦးစီး၊ ဦးဥဂ္ဂါ (ရှေးသုညွှန်ချုပ်-ငြိမ်း) ဥက္ကဋ္ဌ အပါအဝင် ၁၇ ဦးတို့နှင့်အတူ စာပေအဖွဲ့ဝင်များ ဖွဲ့စည်းကာ ရှားပါးသော ကျမ်းစာအုပ် ၇၀ အား ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ စိတ်ဝင်စားဖွယ်စာအုပ်တို့မှာ ဗုဒ္ဓနိုင်ငံတော် (ပ၊ ဒု၊ တ) သုံးတွဲ (ကျပ် ၇၀၀၀)၊ ဝိနယပုစ္ဆာ ဝိသဇ္ဇန (ထိန်တောဆရာတော်)၊ ဝင် ၉ ဝင်ဝတ္ထု(ပ၊ ဒု၊ တ သုံးတွဲ)(ကျီးသဲဆရာတော်) ဒုစရိုက်၊ သုစရိုက်ခွဲတန်း၊ လူ့စည်းကမ်း ဥပဒေတော်ကြီး (အရှင်စန္ဒဇောတိ)၊ မြေလျှင်လှုပ်ခြင်းနှင့်ပတ်သက်၍ သိကောင်းဖွယ်ရာများ ပါဝင်သည့် ဘူမိဇာလနိဒါန်းနှင့် ဗာဝရိမော်ကွန်း (အရှင်သီရိကုမာရမထေရ်)တို့ ဖြစ်ကြပေသည်။

ဗုဒ္ဓစာပေအဖွဲ့တည်ထောင်သူ ရွှေသုဝဏ်ဆရာတော် ပူဇော်တည်လှူခဲ့သည့် စေတီတော်များမှာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီနှင့် ပရိဘောဂစေတီတော်များဖြစ်ကြပြီး ပိဋကတ်တော်ကို ရိုက်နှိပ်ပူဇော်ခြင်းမှာ ဓမ္မစေတီဖြစ်ပြီး ဓမ္မစေတီကို ပူဇော်ရုံမျှမက ဥဒ္ဒိဿစေတီတော်ဆိုင်ရာ ရုပ်ပွားတော်တည်ဆောက်ရာ၌ ညွှန်ကြားပေးခြင်းဖြင့် ပါဝင်ပူဇော်ခဲ့ပါသည်။ (အထူးသဖြင့် အိန္ဒိယနိုင်ငံ ကုသိနာရုံ ပရိနိဗ္ဗာန်စံမူရင်းပုံ ဉာဏ်တော်အရှည်ပေ ၂၀၊ ၈ လက်မနှင့်တူအောင် ဦးမိုးဦးကုမ္ပဏီ၊ CNC ကွန်ပျူတာစက်၊ ပညာရှင်များ (စက်မှု၊ လက်မှု)စကျင်ကျောက်တုံးကို ဆစ်ထုပူဇော်စေခဲ့ပါသည်။ ပုဂံမြို့ အာနန္ဒာစေတီတောင်ဘက်မုခ်ရှိ ကဿပဘုရားရှင်၏ မတ်ရပ်ဉာဏ်တော် ၃၂ ပေ ဆင်းတုတော်ကို ဆိုဒ်အမှန်ရအောင် ညွှန်ကြားပေး၍ ပါဝင်ပူဇော်ခဲ့ပါသည်။)

**ဆက်လက်တည်ညီ တည်စေမည်**

ပရိဘောဂစေတီဆိုင်ရာ၌ စေတီများနှင့်တွဲဖက်ကာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ မူလဗောဓိပင်မှ အသီးများယူ၍ ဗောဓိပင်များ စိုက်ပျိုးခြင်း၊ ပွင့်တော်မူရာ နှစ်ကျိပ်ရှစ်ဆူဗောဓိမြိုင်များ ပါဝင်စိုက်ပျိုးခြင်းဖြင့် ပူဇော်ခဲ့ပါသည်။ စေတီ၊ ဘုရားဒါယကာများ လျှောက်ထားချက်အရ စွယ်တော်မြတ်စေတီ(ရန်ကုန်)၊ စွယ်တော်မြတ်စေတီ(မန္တလေး)၊ ရွှေဘုံသာမုနိစေတီ(ပြည်)၊ လောကနန္ဒာစေတီ(စစ်တွေ)၊ မဟာတေဇာဓိပတိစေတီ(မိုင်းပန်)၊ မဟာရွှေစည်ကြီးစေတီ(ကန့်ဘလူ)၊ ဥပ္ပါတသန္တိစေတီတော်(နေပြည်တော်)၊ ဝေဠုဝန ကျောက်စိမ်းစေတီ၊ သတ္တသတ္တာဟစေတီ၊ မဟာသကျရံသီရုပ်ပွားတော်၊ ဦးဂိုအင်ကာ ဘုံဘေရွှေတိဂုံစေတီ၊ မဟာဝိနယဘာစေတီ(တရုတ်)၊ အင်ဒိုနီးရှားမီဒမ်းစေတီ(ဆူမားတြားကျွန်း)၊ လုမ္ဗိနီရွှေတိဂုံ(နီပေါ)အပါအဝင် ဘုရားစေတီ ၈၆ ဆူအား ကြီးကြပ်ပါဝင်ပူဇော်ခဲ့ပါသည်။

ထိုသို့သော မြတ်စွာဘုရား၏ တရားတော်များ ကမ္ဘာတည်သရွေ့ တည်ရှိစေရန် ဆောင်ရွက်တော်မူခဲ့သည့် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးခေတ်မှ ဆရာတော်၊ သံဃာတော်များ၏ ကျောက်ထက်အက္ခရာ ထွင်းထုတည်စေခဲ့သကဲ့သို့ ၁၄ - ၁၂ - ၂၀၁၇ ရက်နေ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဆက်ကပ်ဂုဏ်ပြုပူဇော်ခဲ့သော (Doctor of Letters) ဘွဲ့တံဆိပ်တော်ရ ရွှေသုဝဏ်ဆရာတော်ကြီး၏ "သီလ၊ သမာဓိ၊ သဒ္ဓါ၊ ဝီရိယ" နှင့် အကျိုးဖြစ်စေလိုသော ဆန္ဒတရား၊ ပညာဂုဏ်တို့ကို ထာဝစဉ်လေးစားကြည်ညိုပြီး စေတနာတရား ဦးထိပ်ထား၍ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုတို့တွင် ထူးထူးခြားခြား၊ စွမ်းစွမ်းတမံ၊ ထင်ထင်ရှားရှားဆောင်ရွက်ခြင်း၊ ဘာသာရေး၊ သာသနာရေးတွင် ထူးချွန်ထက်မြက်ထင်ရှားခြင်း၊ မိမိဆောင်ရွက်လျက်ရှိသော ပညာရပ်များအား ကမ္ဘာသို့ တွင်ကျယ်ပျံ့နှံ့စွာ အင်တာနက်မှတစ်ဆင့် လေ့လာနိုင်ရန် E – Library Copy များ စုစည်းကာ ဗုဒ္ဓစာပေနှင့် တရားတော်များအား တစ်နေရာတည်း တည်ဆောက်သွားကြရန်၊ Geo Asia Industry & Mining Co;Ltd မှ Foundation တစ်ရပ်အား ၁၇ - ၂ - ၂၀၁၅ ရက်တွင် ထူထောင်ခဲ့ကာ မဟာဓမ္မပါလ (ဓမ္မစာပေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)ဟု အမည်ပေး ဖွဲ့စည်းထူထောင်နိုင်ခဲ့ပါသည်။ အမြဲတမ်းရုံးလိပ်စာမှာ ဝါစနာမဂ္ဂမဟာဓမ္မဗိမာန် (၄၂)ရပ်ကွက် မြောက်ဒဂုံဖြစ်ပါသည်။

**ဆည်းပူးလေ့လာ ပညာရှာ**

ဤသို့အားဖြင့် ဓမ္မစာပေအရှည်တည်တံ့ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသော ဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ (Doctor of Letters)အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ထေရုပ္ပတ္တိအကျဉ်းမှာ ၂ - ၁၂ - ၁၉၃၈၊ ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက် သောကြာနေ့တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာရွာနေ ခမည်းတော်ဦးထွေး၊ မယ်တော် ဒေါ်နှင်းအေးတို့က မွေးဖွားခဲ့ပြီး သားသမီး ခြောက်ဦးမှ အကြီးဆုံးသားဦးရတနာဖြစ်ပါသည်။ ၁၃၁၁ ခုနှစ် အောင်ချမ်းသာရွာ မှန်ကျောင်းဆရာတော် ဦးကုဏ္ဍလထံတွင် ရှင်သာမဏေအဖြစ် စတင်ပညာသင်ယူကာ ၁၃၁၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့တွင် မြစ်သားမြို့ မင်းကျောင်းခဏ္ဍသိမ်တွင် ရေလည်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူခဲ့သည်။ ၁၃၁၉ ခုနှစ်၌ ဓမ္မာစရိယစာချတန်းအား ကျမ်းရင်း(၃)ကျမ်း၊ ဂုဏ်ထူး(၃)ကျမ်းတို့ကို ရှင်သာမဏေဖြင့် အောင်မြင်ခဲ့သောကြောင့် နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က "သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့" ဆက်ကပ်ခံခဲ့ရသည်။

၁၃၂၅ ခုနှစ် သကျသီဟစာသင်တန်း ဖြေဆိုအောင်မြင်ပြီး ၁၃၂၆ ခုနှစ်တွင် သီလက္ခန်အဋ္ဌကထာ၊ ၁၃၂၇ ခုနှစ်တွင် ပါရာဇိကဏ်အဋ္ဌကထာကျမ်းများကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ဘာသန္တရ အင်္ဂလိပ်၊ သက္ကတ၊ ဟိန္ဒီဘာသာတတ်မြောက်သိမြင်ရန် ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဒရဘံဂါတက္ကသိုလ်အောက်ရှိ နာလန္ဒာဘွဲ့လွန်ပညာသင်ကျောင်းသို့ ၁၉၈၁ ခုနှစ်တွင် ကြွရောက်ပညာသင်ယူခဲ့ရာ ၁၉၈၂ ခုနှစ်တွင် "အာစရိယဘွဲ့"၊ ၁၉၈၆ ခုနှစ်တွင် မာဂဓတက္ကသိုလ်မှ မဟာဝိဇ္ဇာ (M.A.Buddhist Study) ဘွဲ့ကို ရရှိခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ☆

# သွေးချင်းတို့ဌာနီရခိုင်ပြည် ဖြည့်ဆည်းခဲ့သည် -UEHRD

## ပါမောက္ခ ဒေါက်တာညွန့်သိန်း

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့မှုကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humantarian Aid Resettlement and Development) ကို ဖွဲ့စည်းပေးခဲ့ရာ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဆောင်ရွက်၍ ဒုတိယဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက တာဝန်ယူခဲ့သည်။ UEHRD တွင် လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ (Nine Task Forces)ကို ဖွဲ့စည်းထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့(Health Care Task Force) လည်း အပါအဝင်ဖြစ်ပါသည်။

UEHRD လုပ်ငန်းအဖွဲ့ ကိုးဖွဲ့နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)အဖွဲ့ဝင်များသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် UEHRD၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ခေါင်းဆောင်ကာ စစ်တွေမြို့သို့ သွားရောက်ခဲ့ကြပြီး ရခိုင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ညှိနှိုင်းမှုများအရ လုပ်ငန်းအဖွဲ့အသီးသီးမှ ရခိုင်ဒေသတွင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေသူများအားလူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရန်၊ ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်နှင့် တည်တံ့ခိုင်မြဲသည့်ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရန်ဟူသောရည်ရွယ်ချက် သုံးရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြပါသည်။

UEHRD၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြတ်အေးတို့နှင့်လည်း အစဉ်မပြတ် ဆက်သွယ်လမ်းညွှန်မှု ခံယူခဲ့ပါသည်။

ထို့ပြင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာ ကြည်လွင်၊ ဘူးသီးတောင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းကျော်တို့နှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကာ ဘူးသီးတောင်မြို့နယ်နှင့် အနီးတစ်ဝိုက်ဒေသတွင် နေထိုင်သော ပြည်သူများအား လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့ဆေးကုသ ခရီးစဉ်အတွက် အထူးကုဆရာဝန်များအဖွဲ့ သွားရောက်ရန် အသေးစိတ် ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ခဲ့သည်။

ခရီးစဉ်အတွက် လိုက်ပါနိုင်မည့် ဆရာဝန်များစာရင်းကောက်ခံခြင်း၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ရုံးတွင် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက် ဦးဆောင်မှုဖြင့် အဖွဲ့ဝင်များ ပုံမှန် အစည်းအဝေးပြုလုပ်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြရုံမက လိုအပ်သည့် ဆေးဝါးပစ္စည်းကိရိယာများစုဆောင်းခြင်း၊ အလှူခံခြင်း၊ ဝယ်ယူဖြည့်တင်းခြင်း၊ ခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

UEHRD-HTF အဖွဲ့ နာယက သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ညွန့်သိန်း၊ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာရဲမိုးမြင့် (ပန်းလှိုင်ဆေးရုံ)၊ ဒေါက်တာမြတ်သူ (အာရှတော်ဝင်ဆေးရုံ)၊ ဒေါက်တာ သန်းဝင်း (MKSH)နှင့် သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ကျော်သက်ထွန်း (ပန်းလှိုင်ဆေးရုံ)၊ သမားတော်ကြီးပါမောက္ခ ဒေါက်တာ ထင်အောင်စော(မြန်မာနိုင်ငံဆရာဝန်အသင်း)၊ အရိုးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ဘိုထူး(ပန်းလှိုင်ဆေးရုံ)၊ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ကျော်ဌေးလွင် (ပန်းလှိုင်ဆေးရုံ)၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ကျင်ကျင်စန်း (အာရှတော်ဝင်ဆေးရုံ)၊ သမားတော်ကြီး ဒေါက်တာ သာသာဦး (ဦးနှောက်အာရုံကြောအထူးကု၊ အာရှတော်ဝင်ဆေးရုံ)၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်မျိုးထွေး(အာရှတော်ဝင်ဆေးရုံ)၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ရဲကျော်သူ (ရန်ကင်းကလေးဆေးရုံကြီး)၊ ဒေါက်တာ သက်နောင် (သမားတော်၊ အာရှတော်ဝင်ဆေးရုံ)၊ ဒေါက်တာ အေးချမ်းကိုကို(သမားတော်၊ ဆေး(၁) ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့)၊ ဒေါက်တာ ဖွဲ့ပြည့်ဖြိုး (အထွေထွေရောဂါကုဆရာဝန်၊ အာရှတော်ဝင်ဆေးရုံ)၊ ဒေါက်တာ မိုးဦးဖြူ (ကလေးအထူးကုဆရာဝန်၊ ရန်ကင်းကလေးဆေးရုံကြီး)၊ ဦးမြင့်အောင်နှင့် ဦးအောင်မိုးဇော် ပါဝင်သော ဆေးအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် Golden Myanmar လေကြောင်းလမ်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ သွားရောက်ခဲ့ပါသည်။

UEHRD-HTF အဖွဲ့နှင့် အတူ Soy Hearts အဖွဲ့မှ ပုဂ္ဂလိကအလှူရှင် ဦးမျိုးသွင်နှင့် အဖွဲ့ဝင်တစ်ဦးတို့ လိုက်ပါလာကာ စစ်တွေလေဆိပ်တွင် ပဲနို့ရည်ပြုလုပ်သည့် စက်ကို လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာထံသို့ ပေးလှူခဲ့ပါသည်။ စစ်တွေမြို့ သက္ကယ်ပြင်ကျေးရွာ ဒေသန္တရဆေးခန်း၊ ဆင်ကူးလမ်းရပ်ကွက် ခေမ္မာမဏ္ဍိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပဲနို့ရည် ကျိုချက်နည်းပညာများကိုဟောပြောကာလက်တွေ့သင်ကြားပေးပြီး ဗုဒ္ဓဘာသာဝင်ရှင်သာမဏေများ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံမွတ်စလင်ဘာသာဝင် ကလေးငယ်များ စုစုပေါင်း ၆၀၀ ခန့်ကို ပဲနို့ရည်တိုက်ကျွေးခြင်း၊ ပဲအိတ်၊ ပဲကြိတ်စက်နှင့် လိုအပ်သော ပစ္စည်းတို့ကို လှူဒါန်းခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့အနေဖြင့် ဇန်နဝါရီလ ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်အပြည့် ဆေးကုသနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ လိုက်ပါကာ ဇန်နဝါရီ ၂၇ ရက် ညနေတွင် Speed Boat စက်တပ်ယာဉ်နှစ်စီးဖြင့် ဘူးသီးတောင်သို့ ဆက်လက်ထွက်ခွာလာကြပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်တိတိ နံနက် ၈ နာရီမှ ည ၇ နာရီအထိ ဆေးကုသမှုပြုလုပ်ခဲ့ကြပါသည်။ ယင်းသို့ ဆေးကုသရာ၌ ဘူးသီးတောင်မြို့မှ လူနာများသာမက အနီးပတ်ဝန်းကျင်ရွာများ တောင်ပေါ်ဒေသများမှ တိုင်းရင်းသားများပါ လာရောက်၍ ဆေးကုသခံကြသည်။

အဖွဲ့အနေဖြင့် နှစ်ရက်တာအတွင်း ရခိုင်တိုင်းရင်းသား ၃၅၇ ဦး၊ သက်လူမျိုး ၅၂ ဦး၊ ဒိုင်းနက်လူမျိုး ၉၈ ဦး၊ မြိုလူမျိုး ၇၄ ဦး၊ ခမိလူမျိုး ၈၉ ဦး၊ ဟိန္ဒူဘာသာဝင် ၂၁၄ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၁၄၃၂ ဦး စုစုပေါင်း ၂၃၁၆ ဦးကို ကုသိုလ်ဖြစ်အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

အဖွဲ့တွင်လိုက်ပါလာသည့် အရိုးခွဲစိတ်ဆရာဝန်ကြီး၊ အထွေထွေခွဲစိတ်ဆရာဝန်ကြီးနှင့် သားဖွားမီးယပ်ဆရာဝန်ကြီးတို့က လူနာ ၂၆ ဦး (ရခိုင်တိုင်းရင်းသား ၁၄ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၁၂ ဦး) တို့ကို ခွဲစိတ်ကုသပေးခဲ့ကြရာ အရိုးခွဲစိတ် ငါးဦး၊ သားဖွားမီးယပ်ခွဲစိတ် ငါးဦးနှင့် အထွေထွေခွဲစိတ် ၁၆ ဦးတို့ ဖြစ်ပါသည်။ အရိုးကျိုးမှုကို ခွဲစိတ်ပြီး ပြန်ဆက်ခြင်း၊ ပေါင်ရိုး၊ လက်ဖျံရိုး၊ ညှပ်ရိုးများအပါအဝင် အူကျ၊ ရေမုတ်ရောဂါ၊ သားမြတ်အကြိတ်၊ အူအတက်ရောင်စသည့် ခွဲစိတ်မှုများနှင့် သားအိမ်ကျပြင်ဆင်မှု၊ ကိုယ်ဝန်အဆိပ်တက်လူနာ၊ အရေးပေါ်ခွဲစိတ်မှုများ ဖြစ်ပါသည်။

နှစ်ရက်တာ ဆေးကုသမှုပြုကြရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းကျော်၊ တိုက်နယ်ဆရာဝန် ဒေါက်တာ စောမင်းသိန်း၊ ဘူးသီးတောင်ဆေးရုံမှ မေ့ဆေး လက်ထောက်ဆရာဝန် ဒေါက်တာ လဲ့လဲ့ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာ ဆုသော်သော်နိုင်နှင့် သူနာပြုဆရာမကြီးများ၊ သူနာပြုဆရာမများ၊ ဝမ်းဆွဲဆရာမများ အပါအဝင် ကျန်းမာရေးမိသားစုဝင်များ၊ စစ်တွေဆေးရုံမှ လိုက်ပါလာသည့် မေ့ဆေးဆရာဝန် ဒေါက်တာ ကျော်ကျော်လွင်နှင့် လက်ထောက်ဆရာဝန် သုံးဦးတို့ကပါ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် မြို့မိမြို့ဖများ၊ စိုင်းဒင်ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများကပါ ဆေးကုသမှုစနစ်တကျနှင့် အဆင်ပြေအောင် ဝိုင်းဝန်းကူညီကြရုံသာမက ဆရာဝန်အဖွဲ့နှင့် လာရောက်ဆေးကုသမှု ခံယူသူများအတွက်ပါ အာဟာရဒါနကျွေးမွေးခဲ့ကြပါသည်။

လူနာများနှင့် ပြောဆိုဆက်ဆံရာတွင် ဘာသာစကားအခက်အခဲရှိသော်လည်း မြို့ခံဆရာဝန်နှင့် သူနာပြုဆရာမတို့က ရခိုင်စကား၊ ဘင်္ဂါလီစကားတို့ကို ကျွမ်းကျင်စွာ ပြောဆိုဆက်သွယ်ပေးကြသဖြင့် ဆေးကုသရာတွင် အဆင်ပြေကြရပါသည်။

ဆေးကုသရာတွင် ကူးစက်ရောဂါများဖြစ်သည့် တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါများကို မတွေ့ရသလောက်ဖြစ်ပါသည်။ ကောလာဟလဖြစ်နေသည့် ဆုံဆို့နာလူနာလည်း တစ်ယောက်မှ မတွေ့ခဲ့ပါ။ သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးရောဂါများ တွေ့ရသလို အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးနှင့် HIV-AIDS ရောဂါသည်များကိုလည်း တွေ့ရပါသည်။

HIV-AIDS ရောဂါသည်များအတွက် ART ဆေးကို မြို့နယ်ဆေးရုံမှ တိုက်ကျွေးကုသမှုပေးနေသည်ကို တွေ့ရပါသည်။ မိမိတို့ ဆေးကုသမှုပေးနေသည့်ရက်အတွင်း တွေ့ရှိကြရသည့် လူနာများအနေဖြင့် စိတ်ပူပန်မှု၊ စိတ်အနှောင့်အယှက်လုံးဝမရှိကြဘဲ အထူးကုဆရာဝန်များ၏ ကုသမှုကို ကျေနပ်စွာကုသခံနေကြသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ကြရပါသည်။

ဘူးသီးတောင် ဆေးကုခရီးမှအပြန်တွင် စစ်တွေမြို့ရှိ ပြည်နယ်ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီး ဒေါက်တာ ဒေါ်ယဉ်မိုးခိုင်၊ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ဦးသိန်းထွန်းအောင်၊ ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဦးတို့နှင့် ညှိနှိုင်းပြီးအဖွဲ့၏ နာယက သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ညွှန့်သိန်းက CME (Continuing Medical Education) အဖြစ် CPR (Cardio Pulmonary Resuscitation)ကို စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့ရာ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများပါ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာ ညွှန့်သိန်းက အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များကို စစ်တွေဆေးရုံရှိ လူနာများ၏ ရောဂါဝေဒနာများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်သင်ကြားပေးခဲ့ပါသည်။

UEHRD – Health Care Task Force အနေဖြင့် သွေးချင်းတို့ဌာနီ ရခိုင်ပြည်နယ်ရှိ အခြားဒေသများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားကြရန် အစီအစဉ်များရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

**“ဆေးကုသရာတွင် ကူးစက်ရောဂါများဖြစ်သည့် တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါများကို မတွေ့ရသလောက်ဖြစ်ပါသည်။ ကောလာဟလဖြစ်နေသည့် ဆုံဆို့နာလူနာလည်း တစ်ယောက်မှ မတွေ့ခဲ့ပါ။ သွေးတိုး၊ ဆီးချို သွေးချို၊ နှလုံးရောဂါများ တွေ့ရသလို အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးနှင့် HIV-AIDS ရောဂါသည်များကိုလည်း တွေ့ရပါသည်”**

---

☆ **စာမျက်နှာ ၆ မှ**

အိန္ဒိယနိုင်ငံမှ ၁၉၈၆ ခုနှစ်တွင် ပြန်ကြွလာပြီးနောက် ၁၉၈၇ ခုနှစ်တွင် ရန်ကုန်၊ မန္တလေး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တို့၏ စီမံချက်၊ စည်းမျဉ်းစည်းကမ်းပြင်ဆင်ရေး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သင်ရိုးညွှန်းတမ်းပြဌာန်းစာအုပ် သတ်မှတ်ရေးအဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စည်းမျဉ်းရေးဆွဲရေးအဖွဲ့ဝင်အဖြစ် တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ရန်ကုန်၊ မန္တလေးမြို့များရှိ စွယ်တော်မြတ်စေတီတော်များ တည်ဆောက်ရာ၌ သာသနာတော်နည်း၊ မြန်မာ့ဗိသုကာနည်းစနစ်များဖြင့် စနစ်တကျ တည်ဆောက်ခဲ့ပြီး နီပေါနိုင်ငံ လောကမဏိစူဠာစေတီ အစရှိသော စေတီတော်ဆူရေ (၁၀၀)ကျော်ကို ဦးဆောင်မှုပေးကာ ရွက်ဆောင်တော်မူခဲ့သည်။ ပရိနိဗ္ဗာန်ပြုတော်မူဟန် ရုပ်ပွားတော်နှင့်မဟာသကျရံသီ ရုပ်တော်မူပုံ၊ ပုံတော်များအား မူရင်းအတိုင်း လုံးဝထပ်တူ More (CNC) ကွန်ပျူတာစက်ဖြင့် ထုလုပ်အောင်မြင်ခဲ့ပါသည်။ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့တွင် ရွှေတိဂုံပုံတူစေတီနှင့် ပရိဝါရ အခြံအရံ အဆောက်အဦ၊ ဗိသုကာပုံစံရေးဆွဲ၍ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကိုယ်တိုင်ကြွရောက် ထီးတော်တင်လှူပူဇော်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းမြောက်ပိုင်း မဲဒန်မြို့ ဘရာဆာဂီတောင်ထိပ်တွင် ပိဋကတ္တယမမ္မစေတီတော်နှင့် ပရိဝါရအခြံအရံ အဆောက်အဦများ၊ ကမ္ဘောဒီးယားနိုင်ငံတွင် အောင်စူဠာမဏိစေတီတော်ကို မွမ်းမံပြင်ဆင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ အာသံပြည်နယ် ရွှေတိဂုံပုံတူစေတီနှင့် ယူပီပြည်နယ် ကုသိနာရုံ ဆရာတော်ကျောင်းဝင်းရှိ ရွှေတိဂုံပုံတူစေတီများကို အဝေးမှညွှန်ကြား၍ တည်ထားနိုင်ခဲ့ပါသည်။

တောရဆောင် ရဟန်းများအတွက် တစ်ဆယ့်နှစ်လရာသီပြ ကြယ်တာရာပုံများ၊ ကျမ်းစာ (၁၉၇၅ - ခုနှစ်) ဝိသုဒ္ဓိမဂ် မဟာဋီကာပါ ဒဿနများနှင့်ဆက်စပ်သော ဘဂဝတ်ဂီတာ နိဿယကျမ်း(၁၉၇၆-ခု) ပြက္ခဒိန်အကြောင်း သိကောင်းစရာနှင့် ကာဗျမိသကကျမ်း၊ (၂၀၁၀ - ခု)နှင့် အဌကဝဂ္ဂအဟော ကျမ်းများကို ပြုစုခဲ့ပါသည်။ တိပိဋက ပါဠိ - မြန်မာ အဘိဓာန်ကျမ်းများနှင့် သမိုင်းဝင်ရှေးဟောင်းဝိနိစ္ဆယ ကျမ်းများကိုလည်း ကွန်ပျူတာစာစီ၍ ပြန်လည်ထုတ်ဝေခဲ့ပါသည်။

**သာသနာ့အကျိုး ထမ်းသယ်ပိုး**

သာသနာတော် ရှည်ကြာစွာ တည်တံ့ရေးအတွက် စဉ်ဆက်မပြတ် ရွက်ဆောင်၍ သာသနာ့အကျိုး သယ်ပိုးတော်မူခဲ့သောကြောင့် နိုင်ငံတော်က ၁၉၉၇ ခုနှစ်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ကို ဆက်ကပ်ခံခဲ့ရပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ဆက်ကပ်တော်မူခံခဲ့ရပြီး တိပိဋကဓရဘွဲ့ရမည့် သံဃာတော်များအတွက် အကျိုးများအောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။

သို့ဖြစ်ပါ၍ တိပိဋကဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကြီး အခွန့်ရှည်ကြာရှိနေစေရေးအတွက် ဆောင်ရွက်ခဲ့ကြသူများကြောင့် တိပိဋကဓရ စာမေးပွဲကြီး နှစ်စဉ်ကျင်းပနိုင်ခဲ့ပြီး စာအောင်သံဃာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးကျူးပူဇော်ပွဲကြီး ကျင်းပလာခဲ့ကြသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သားတို့၏ ကုသိုလ်စေတနာ၊ သဒ္ဓါတရားတို့အား ကမ္ဘာသို့အထင်အရှားပြသနေသော ကောင်းမှုပုံရိပ်များပင် ဖြစ်ပါသတည်း။

**ကျမ်းကိုး။ သာသနာရေးဦးစီးဌာနမှထုတ်ဝေသော ရွှေရတုတိပိဋကတ်စာစောင်(၂)ကွန်ပျူတာစာမူ ဆဌသံဂါယနာကျမ်း စာတော်များ ဖြစ်ပေါ်လာပုံသမိုင်း**

**တစ်ယောက်နဲ့တစ်ယောက်မှ**

ကျွန်မတို့ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ပြဿနာတွေကို ပြေပြေလည်လည် ဖြေရှင်းဖို့ဆိုရင် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့သူတွေနဲ့ ဆွေးနွေးညှိနှိုင်းမှပဲ ဖြေရှင်းလို့ရမှာပါ။ ဒါကြောင့် ကျွန်မတို့ အခုအစည်းအဝေးမှာတော့ ကျေကျေလည်လည်တော့ ဆွေးနွေးနိုင်မယ်လို့တော့ မထင်ဘူး။ သို့သော်ငြားလည်း ဆွေးနွေးသင့်သလောက်တော့ ကျွန်မတို့ ဆွေးနွေးဖို့ ကြိုးစားပါမယ်။

**အားလုံးပူးပေါင်း**

ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် လူတိုင်း လူတိုင်း၊ တစ်ဦးချင်း တစ်ဦးချင်းဟာ အရေးကြီးပါတယ်။ အဖွဲ့တိုင်း အဖွဲ့တိုင်း၊ တစ်ဖွဲ့ချင်း တစ်ဖွဲ့ချင်းဟာ အရေးကြီးပါတယ်။ အဖွဲ့တိုင်း အဖွဲ့တိုင်းကလည်း ကိုယ့်ရဲ့အဖွဲ့အတွက် တာဝန်ယူရသလို ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေအတွက်လည်း တာဝန်ယူရပါတယ်။ ကိုယ်တစ်ယောက်တည်း၊ ကိုယ်တစ်ဖွဲ့တည်း သွားချင်တဲ့လမ်း သွားနေဖို့ဆိုတာ မဖြစ်ပါဘူး။ စုဖွဲ့ပြီး၊ အားလုံးပူးပေါင်းပြီးမှ ကျွန်မတို့ ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။

**ယုံကြည်မှုမရှိရင်**

ငြိမ်းချမ်းရေးရဖို့အတွက် အရေးကြီးတာကတော့ ယုံကြည်မှုပဲ။ ယုံကြည်မှုဆိုတာဟာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုထက် ပိုပြီးအရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပဲ၊ ကိုယ်ဟာ ငြိမ်းချမ်းရေးကိုရအောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ငြိမ်းချမ်းရေးကို ဦးတည်သွားပြီးတော့ လမ်းလျှောက်သွားနိုင်တဲ့အဖွဲ့ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုရှိဖို့လိုပါတယ်။ ဒီယုံကြည်မှုမရှိရင် တခြားသူတွေကို ယုံကြည်တာ မယုံကြည်တာက အလကားပဲ၊



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘဲနဲ့ ကိုယ့်အဖွဲ့ကိုကိုယ်မယုံကြည်ဘဲနဲ့တော့ ငြိမ်းချမ်းရေးရအောင် လုပ်လို့ရမှာမဟုတ်ပါဘူး။

**ပြည်ထောင်စုဆိုတာ**

အခုကျွန်မတို့ JICM အစည်းအဝေးကို ရောက်လာတဲ့ ပုဂ္ဂိုလ်များ အားလုံးဟာ မိမိတို့အတွက်ရော၊ မိမိတို့ရဲ့ အဖွဲ့အတွက်ရော ယုံကြည်မှုအပြည့်အဝနဲ့ ပါဝင်ပြီးတော့ ဆွေးနွေးစေချင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာပါနေတဲ့ အဖွဲ့အစည်းအသီးသီးထဲက တချို့က ပြောကြတာဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာကို တကယ်ပဲ ယုံကြည်ရဲ့လား။ အစိုးရက ယုံကြည်ရဲ့လား။ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်နေတဲ့ အစုအဖွဲ့တွေအားလုံးက ယုံကြည်ရဲ့လားဆိုပြီးတော့ မေးကြပါတယ်။ ဒီလိုမေးခွန်းမေးတာဟာ ကျွန်မအနေနဲ့တော့ နည်းနည်း အစီအစဉ်မကျဘူးလို့ ထင်ပါတယ်။ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်ထဲဝင်ပြီးတော့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာဟာ ဘယ်လိုပုံစံနဲ့ အကောင်အထည်ဖော်မလဲဆိုတာ မဆွေးနွေးဘဲ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တကယ်ယုံတာလား၊ တကယ်လိုချင်တာလားလို့ ဘယ်လိုမေးမလဲ။ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ အမျိုးမျိုးရှိပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ သင့်တော်တဲ့ ကျွန်မတို့ရဲ့နိုင်ငံအတွက် အကောင်းဆုံးဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုပြည်ထောင်စုမျိုးလဲ၊ ဘယ်လိုပုံစံ မျိုးလဲဆိုတာကို ကျွန်မတို့ မဆွေးနွေးခင်မှာ ဒါကို မေးနေတာကိုတော့ ကျွန်မတို့အတွက် ဘာမှအထောက်အကူမဖြစ်ဘူးလို့ ထင်ပါတယ်။

**ဖက်ဒရယ်ပြည်ထောင်စု**

ဒါကြောင့်မို့လို့ အကောင်းဆုံးကတော့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တကယ်ပဲ အခု ဒီအစိုးရက



အမျိုးသား
ပြန်လည်သင့်မြတ်
ရေးနှင့် ငြိမ်းချမ်းရေး
ဗဟိုဌာန ဥက္ကဋ္ဌ
နိုင်ငံတော်၏
အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်

လိုချင်ရဲ့လား၊ မလိုချင်ဘူးလားဆိုတာ သိချင်ရင်တော့ ဒီငြိမ်းချမ်းရေးညီလာခံထဲမှာ ပါဝင်ဆွေးနွေးပြီးတော့ ဘယ်လိုဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်မယ်ဆိုတာ ဆုံးဖြတ်ပြီးမှ ဒါအဖြေပေါ်မယ်လို့ ကျွန်မကတော့ ဒီလိုပဲပြောချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ တစ်ခါတလေ တစ်ဝဲလည်လည် ဖြစ်နေတဲ့ကိစ္စတွေဟာ အစကနေမစဘဲနဲ့ အဆုံးကို ကျော်လွှားသွားချင်လို့ဖြစ်ပါတယ်။ အဲဒီတော့ အစကနေစမှ ကျွန်မတို့ဟာ အဆုံးကို သေသေသပ်သပ်နဲ့ ရောက်နိုင်မှာပါ။

**ညှိနှိုင်းပေးစေချင်ရင်**

နောက်ပြီးတော့ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်ကြားထဲမှာ ညှိနှိုင်းမှုတွေရှိရဲ့လား။ အထူးသဖြင့် အစိုးရကနေပြီးတော့ ညှိနှိုင်းပေးချင်ရဲ့လား။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားထဲမှာ ညှိနှိုင်းပေးချင်ရဲ့လားဆိုပြီးတော့ တချို့ကလည်း မေးချင်ပါတယ်။ မေးကြပါတယ်။ ကျွန်မတို့ကတော့ လူတိုင်းကြားထဲမှာ ညှိနှိုင်းပေးချင်တာပဲ။ သို့သော်ငြားလည်း အညှိနှိုင်းခံရမယ့်လူတွေကလည်း အညှိနှိုင်းခံချင်မှ ရတာပါ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှဖြစ်တာပါ။ သုံးဖက်တီးတာတော့ ပိုပြီးတော့ ခက်ပါတယ်။ အဲဒါကြောင့် လုပ်ကြည့်မှပဲသိမှာပါ။ လုပ်ကြည့်ရမယ်။ ကြိုးစားကြည့်ရမယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကို ညှိနှိုင်းပေးစေချင်ရင်တော့ ကျွန်မတို့စကားကို နားထောင်ရမှာပဲ။ နားမထောင်ဘဲနဲ့ ညှိနှိုင်းပေးပါဆိုလို့ ဘယ်လိုလုပ် ကျွန်မတို့က ညှိနှိုင်းပေးရမလဲ။

**ငြိမ်းချမ်းရေးဖြစ်စဉ်**

အခု ဒီလိုအစည်းအဝေးဖြစ်တိုင်းဖြစ်တိုင်း တစ်ယောက်အကြောင်း တစ်ယောက် နည်းနည်းတော့ ပိုပြီးတော့ နားလည်လာနိုင်မယ့် အခွင့်အရေးတော့ ကျွန်မတို့ ရပါတယ်။ ဒီအခွင့်အရေးကိုယူပါ။ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးတော့ နားလည်လာနိုင်မှ ကျွန်မတို့တစ်တွေဟာ အတူလက်တွဲပြီးတော့ ကိုယ်လိုချင်တဲ့ နိုင်ငံတော်ကြီးတစ်ခုကို ထူထောင်နိုင်မှာပါ။ ကျွန်မ ခဏခဏပြောပါတယ်။ ဘယ်လို နိုင်ငံတော်လိုချင်လဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မကြည့်ဘဲနဲ့ ရိုးရိုးစဉ်းစားပါ။ ကိုယ့်ရဲ့သားတွေ၊ မြေးတွေကို ဘယ်လိုနိုင်ငံမှာ ကြီးပြင်းလာစေချင်သလဲ။ သားတွေ၊ သမီးတွေက ကြီးနေပြီဆိုရင် မြေးတွေပေါ့။ ဒီမြေးငယ်လေးတွေဟာ ကြီးလာရင် ဘယ်လိုနိုင်ငံကြီးမှာ သူတို့ဘဝကို ဆောက်တည်သွားစေချင်သလဲဆိုတဲ့ အတွေးနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို ချဉ်းကပ်ကြပါ။ အဲဒီလို ကိုယ့်ရဲ့ မြေးလေးတွေ၊ မြစ်တွေ ရှင်သန်သွားစေချင်တဲ့ နိုင်ငံကြီးကို ဖော်ဆောင်ဖို့ဆိုရင် ငြိမ်းချမ်းရေးမရဘဲ ဘယ်လိုမှ မရပါဘူး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

**တည်ဆောက်ယူ**

ကျွန်မကတော့ ယုံကြည်ပါတယ်။ ဒီအစည်းအဝေးမှာ တက်ရောက်တဲ့ ပုဂ္ဂိုလ်တွေထဲက ဘယ်တစ်ယောက်မှ ကိုယ့်ရဲ့ မြေးတွေ၊ မြစ်တွေကို မငြိမ်းချမ်းတဲ့ နိုင်ငံကြီးမှာ ကြီးပြင်းလာစေချင်မှာ မဟုတ်ပါဘူး။ မငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်လာစေချင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ မြေးတွေ၊ မြစ်တွေ ဘယ်လိုဖြစ်စေချင်သလဲ။ ဘယ်လိုနိုင်ငံမျိုးမှာ နေချင်သလဲ။ ဘယ်လိုကမ္ဘာကြီးမျိုးမှာ နေစေချင်သလဲ။ ကိုယ့်နိုင်ငံကို တည်ဆောက်ပြီးမှ ကမ္ဘာကြီးကို တည်ဆောက်လို့ရမှာပါ။ အခု တက်ရောက်လာတဲ့ ကိုယ်စားလှယ်ကြီးတွေအားလုံးဟာ တကယ့်ကို ငြိမ်းချမ်းရေး လိုချင်ဖို့လိုပါတယ်။ ကျွန်မအနေနဲ့တော့ ယုံကြည်ချက်ခိုင်မာပါတယ်။ ငြိမ်းချမ်းရေးထက် ကောင်းတဲ့အခြေအနေဆိုတာ ဘာမှမရှိပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ယူလို့လည်း မရပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ တည်ဆောက်ယူရတာပါ။ တည်ဆောက်ဖို့ဆိုတာဟာ ငြိမ်းချမ်းရေး လိုပါတယ်။

**အကောင်အထည်ဖော်**

အဲဒါကြောင့်မို့လို့ ကျွန်မတို့ တကယ်ပဲ ကိုယ်လိုချင်တဲ့ ကိုယ့်အတွက်တင်မက နောင်လာနောက်သားများအတွက် လိုချင်တဲ့ နိုင်ငံတစ်ခု တည်ဆောက်ဖို့ကို အချင်းချင်း ညှိနှိုင်းတဲ့နေရာမှာ အိပ်မက်လည်း မက်တတ်ရမယ်၊ အိပ်မက်ကိုလည်း အကောင်အထည်ဖော်တတ်ရမယ်လို့ ကျွန်မ ပြောချင်ပါတယ်။ အိပ်မက်လည်း မက်တတ်ရမယ်ဆိုတာ မဖြစ်နိုင်တဲ့အိပ်မက်တွေကို မက်လို့မဖြစ်ပါဘူး။ မဖြစ်နိုင်တဲ့ အိပ်မက်တွေမက်တယ်ဆိုတာ အချိန်ကုန်ရုံပဲရှိပါတယ်။ နောက်ပြီးတော့ အကောင်အထည်မဖော်နိုင်တဲ့ အိပ်မက်တွေဆိုတာလည်း တကယ်ကိုတန်ဖိုးရှိတဲ့ အိပ်မက်မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ဟာ ဖော်ဆောင်နိုင်တဲ့ အိပ်မက်တွေကို မက်တတ်ရမယ်။ အိပ်မက် မမက်တတ်ရင်လည်း အိပ်မက်တွေ အကောင်အထည်ဖော်နိုင်တဲ့ အချိန်ကို မရောက်နိုင်ဘူး။ ဒါကြောင့် အိပ်မက်မက်တတ်ရမယ်။ ဒါကြောင့် ငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီး အိပ်မက်ကို မက်တတ်ရမယ်။ ဒီအိပ်မက်ကို အကောင်အထည်ဖော်နိုင်ရမယ်။

**ငြိမ်းချမ်းရေးအိပ်မက်**

ကျွန်မ မကြာခဏ ပြောပါတယ်။ ကျွန်မ အနှစ်သက်ဆုံး ကဗျာတစ်ခုမှာ အစွမ်းရှိဆုံးပုဂ္ဂိုလ်ဆိုတာဟာ မိမိရဲ့ အိပ်မက်တွေကို အကောင်ထည်ဖော်နိုင်တဲ့ ပုဂ္ဂိုလ်ပဲဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ ကဗျာပါပဲ။ ကျွန်မတို့အားလုံးဟာ တကယ်ပဲ ငြိမ်းချမ်းရေးကို အိပ်မက်မက်နေတယ်ဆိုရင် ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့ အစွမ်းရှိဖို့ လိုပါတယ်။ အစွမ်းဆိုတာ ကျွန်မ(NCA) လက်မှတ်ထိုးပွဲမှာ ပြောခဲ့သလို စေတနာ၊ ပညာ၊ သတ္တိ သုံးခုလုံးရှိမှ စွမ်းနိုင်မှာပါ။ ကိုယ်လုပ်ပေးချင်တဲ့ စေတနာရှိရမယ်။ လုပ်ပေးချင်တဲ့ စေတနာမရှိဘဲနဲ့တော့ ဘာကိုမှ ဖြစ်အောင် မလုပ်နိုင်ပါဘူး။

**သတ္တိလည်းရှိရမယ်**

ကျွန်မတို့ဟာ ထမင်းတစ်နပ်ချက်ကျွေးရင်တောင်မှ ထမင်းကျွေးချင်တဲ့ စေတနာလေးရှိရမယ်။ ကောင်းကောင်းလေး ကျွေးချင်တဲ့ စေတနာလေးရှိရမယ်။ ကောင်းကောင်းလေး ကျွေးချင်လို့ ထမင်းတစ်နပ်၊ ထမင်းတစ်အိုးချက်တာတောင်မှ ဝီရိယစိုက်ထုတ်ပြီးတော့ သေသေချာချာ အကောင်းဆုံးဖြစ်အောင် လုပ်ချင်တဲ့စိတ်ရှိမှ ဒါအစားကကောင်းမှာပါ။ ဒါပေမယ့်လည်း မချက်တတ်ရင် ဘယ်လိုပဲ စေတနာရှိရှိ လုပ်လို့မရဘူး။ ဒါကြောင့်မို့ ပညာလည်းရှိရမယ်။ သတ္တိလည်းရှိရမယ်။ သတ္တိဆိုတာကတော့ အမြဲပဲစွန့်စားခြင်း မဟုတ်ပါဘူး။ တချို့က လုံ့လ၊ ဝီရိယ ထုတ်ခြင်းပါပဲ။ အပင်ပန်းခံခြင်းပါပဲ။ အပင်ပန်းခံပြီးမှပဲ လုပ်ရပါမယ်။ ဒီလို စေတနာ၊ ပညာ၊ သတ္တိတို့နဲ့ ဆက်ပြီးတော့ လုပ်သွားမယ်ဆိုရင် ဘယ်လိုအခက်အခဲတွေပဲ ကြုံတွေ့ရ၊ ကြုံတွေ့ရ ကျော်လွှားနိုင်မှာပါ။ ဒါပေမယ့် အစကစမှ မှန်မှန်ကန်ကန် အဆုံးတိုင်ရောက်နိုင်မှာပါ။

**အထောက်အကူမဖြစ်**

ဒါကြောင့်မို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘာလဲဆိုတာကိုတောင်မှ သေသေချာချာ မဆွေးနွေးရခင်ကတည်းက ဒီဟာကို တကယ်လိုချင်ကြရဲ့လားလို့ မေးနေတာကတော့ ကျွန်မတို့ သွားချင်တဲ့ပန်းတိုင်ကို ရောက်ဖို့အတွက် အထောက်အကူမဖြစ်ဘူးလို့ ကျွန်မထင်ပါတယ်။

**ဖက်ဒရယ်ဒီမိုကရေစီ**

ဒါကြောင့်မို့ ကျွန်မတို့အားလုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲထဲမှာ ပါဝင်ပြီးတော့ ဘာကိုဆိုလိုတာလဲ၊ ဒီမိုကရေစီဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဖက်ဒရယ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးဆိုတာ ဘာကိုဆိုလိုတာလဲ၊ အဲဒါကို ကျွန်မတို့ သေသေချာချာ ဆွေးနွေးရမယ်။ ဆွေးနွေးပြီးတော့မှ ဒါကို ဒို့အားလုံး လက်ခံနိုင်မလား၊ အားလုံးလက်ခံနိုင်အောင်လို့ ဘယ်လိုဟာလေးတွေကို ပြင်မလဲ၊ ဘယ်နေရာတွေမှာ အပေးအယူလုပ်မလဲဆိုတာကို ကျွန်မတို့ဆုံးဖြတ်ရမှာပါ။ ဒါကြောင့် မစခင်ကတည်းက၊ စစ်မထွက်ခင်ကတည်းက မြားကုန်နေလို့ မဖြစ်ပါဘူး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆိုတာ ဘာလဲလို့တောင်မှ ကျွန်မတို့သေသေချာချာ မသတ်မှတ်



တိုင်းရင်းသားလက်နက်ကိုင်
အဖွဲ့အစည်းများကိုယ်စား
ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်

ခင်ကတည်းက အဲဒါကို တကယ်မှ လိုချင်ပါ့မလားလို့ မေးနေတဲ့ အခါကျတော့ ဒါကို စစ်မထွက်ခင်ကတည်းက မြားကုန်နေသလိုပါပဲ။

**ဝိုင်းဝန်းဆွေးနွေး**

အခုအစည်းအဝေးမှာ ပါဝင်တက်ရောက်တဲ့ ဧည့်သည်တော်များ အားလုံးဟာ နောင်လာ နောက်သားတွေအပေါ်မှာ တာဝန်သိစိတ်၊ စေတနာထား စိတ်တွေနဲ့ ငြိမ်းချမ်းရေး ရရှိဖို့အတွက် ဝိုင်းဝန်းပြီးတော့ ဆွေးနွေးကြပါ။

**ငြိမ်းချမ်းရေးအတွက်**

ကျွန်မတို့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ လမ်းတွေကို အတူရှာကြပါ။ ကျော်လွှားတဲ့နေရာမှာ တစ်ဦးကနေပြီးတော့ ပင်ပန်းနေရင် ဘေးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီပေးကြပါ။ လက်တွဲပေးကြပါ။ တစ်ယောက်နဲ့တစ်ယောက် မတွန်းပါနဲ့။ လက်တွဲခေါ်ပါ။ ဒီလို စိတ်ဓာတ်တွေနဲ့ ကျွန်မတို့ ဆက်ပြီး သွားမယ်ဆိုရင် ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေဟာ တစ်ချိန်တစ်ခါမှာ (၂၁)ရာစုတုန်းက (၂၁)ရာစုပင်လုံကနေတစ်ဆင့် ငါတို့အခုနေရတဲ့ အေးချမ်းသာယာတဲ့ ပြည်ထောင်စုကြီးကို ထူထောင်လိုက်တာပဲဆိုတဲ့ အသိနဲ့စိတ်ချမ်းသာရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ဧည့်သည်တော်များအားလုံးဟာ တကယ့်ကို ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်၊ တကယ့်ကို ငြိမ်းချမ်းရေးအတွက် ရအောင်ယူမယ်၊ ငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ ဒီအစည်းအဝေးမှာ ပါဝင်ကြပါ။ အင်မတန်မှကောင်းတဲ့အကြံဉာဏ်တွေလည်း ထွက်လာနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ဒီအကြံဉာဏ်တွေအားလုံး

စာမျက်နှာ ၉ သို့ ✱

✱ စာမျက်နှာ ၈ မှ

စုပေါင်းပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့် တိုးတက်နိုင်ဖို့အတွက်လည်း ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် **ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက** “အခု ကျွန်တော်တို့ ၇ ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ မွန်ပြည်သစ်ပါတီ (NMSP)ဥက္ကဋ္ဌ နိုင်ထောမွန်နဲ့ အဖွဲ့ဝင်များ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)က အဖွဲ့ဝင်တွေနဲ့ NCA မှာ လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်တွေနဲ့ ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ခေါင်းဆောင်အသီးသီး တက်ရောက်သင့်**

အလားတူ NMSP ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ကိုလည်း ကျွန်တော်တို့ JICM ကနေ ကြိုဆိုပါကြောင်း ထပ်လောင်းပြီးတော့ ပြောကြားလိုပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ အချက်နှစ်ချက် ဆွေးနွေးလိုပါတယ်။ ဒါကဘာလဲဆိုရင် ကျွန်တော်တို့ JICM အဖွဲ့အစည်းဆိုတာ နိုင်ငံရေးဆွေးနွေးပွဲမှာ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးနဲ့ပတ်သက်တဲ့ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့အစည်းမှာ အစည်းအဝေးတိုင်းမှာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ခေါင်းဆောင်အသီးသီးလည်း တက်ရောက်သင့်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**ဆုံးဖြတ်ပေးနိုင်**

ကျွန်တော်တို့ ဒီအစည်းအဝေးကို သတ်မှတ်တာချက်ချင်းလက်ငင်း ပြုန်းစားကြီး သတ်မှတ်တာမျိုးမဟုတ်ဘဲနဲ့ သုံးလတစ်ကြိမ် JICM အစည်းအဝေး လုပ်ရမယ်ဆိုတဲ့ ကျွန်တော်တို့ အစည်းအဝေးဆုံးဖြတ်ချက်လည်း ရှိပြီးသားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၇-၁၁-၂၀၁၇ ရက်နေ့မှာ နောက်ဆုံးခြောက်ကြိမ်မြောက် JICM အစည်းအဝေးကျင်းပခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ ဒီသုံးလတာကာလအတွင်းမှာ JICM လုပ်မယ်လို့ ခန့်မှန်းပြီးသားဖြစ်ပါတယ်။ အဲဒီလိုမျိုးကာလအတွင်းမှာ အတိုးအလျှော့အနည်းအကျဉ်းရှိပင်ရှိသော်လည်းပဲ ဒီကာလတွေကြားထဲမှာ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့ရဲ့ အစည်းအဝေးကျင်းပမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကျွန်တော်တို့ အစည်းအဝေးမှာ ဆုံးဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ တက်ရောက်ဖို့သင့်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ဒါမှသာလျှင် ကျွန်တော်တို့ ဒီမှာ ဆုံးဖြတ်ရမယ့် အချက်များအားလုံး တစ်ခါတည်း ပြေလည်သွားမှာဖြစ်ပါတယ်။ ဒါလည်းပဲ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းတွေကို ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ JICM အစည်းအဝေးဟာ ခုနက ကျွန်တော်တင်ပြသလို အမြင့်ဆုံးအစည်းအဝေးဖြစ်တဲ့အတွက် ဒီအစည်းအဝေးမှာ ဆုံးဖြတ်ချက်တွေ ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီဟာတွေကို ဆုံးဖြတ်နိုင်ဖို့အတွက်လည်း သက်ဆိုင်ရာ UPDJC အတွင်းရေးမှူးအဖွဲ့တွေ၊ ပြီးရင် UPDJC အဖွဲ့တွေမှာ သတ်မှတ်ထားတဲ့ ToR ၊ SOP တွေ အခြေခံပြီးတော့မှ ဆွေးနွေး ဆုံးဖြတ်ပြီးတော့မှ ကျွန်တော်တို့ JICM က အတည်ပြုထားတာဖြစ်ပါတယ်။

**တိတိကျကျလိုက်နာ**

ကျွန်တော်တို့ JICM အစည်းအဝေးကနေ အတည်ပြုထားတဲ့ကိစ္စ၊ ဆုံးဖြတ်ပြီးသားကိစ္စ၊ ဆောင်ရွက်ရန်ကိစ္စတွေသည် ဒီသုံးနှစ်တာ ကာလအတွင်းမှာ တတ်နိုင်သလောက် ဆုံးဖြတ်ပြီးတဲ့အတိုင်း၊ ဆောင်ရွက်ရမယ့်အတိုင်း လုပ်သွားဖို့လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါ ဥပမာပါ။ ပြီးခဲ့တဲ့ ခြောက်ကြိမ်မြောက် အစည်းအဝေးမှာ RCSS နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လင်းခေးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ရမယ်ဆိုပြီးတော့မှလုပ်ဖို့ ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကြားထဲကနေ ဆုံးဖြတ်ပြီးတော့ ဒီဆုံးဖြတ်ချက်ကိုလည်း တရားဝင်ကြေညာချက် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

သို့သော်လည်း တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတွေ လွဲပြီးတော့ အကြိုဆွေးနွေးပွဲကိစ္စတွေ၊ အစည်းအဝေးဆုံးဖြတ်ချက်မှာ မပါတဲ့ကိစ္စတွေ ပေါ်ပေါက်လာတဲ့အခါ သွားရမယ့်လုပ်ငန်းစဉ်က ရှေ့ကိုမရောက်ဘဲ ဒီမှာတင် တဝဲလည်လည်ဖြစ်ပြီးတော့မှ ဖြစ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ JICM မှာ ဆွေးနွေးတဲ့ အနေအထားတွေမှာ ဆုံးဖြတ်ပြီးသားဆိုရင် ဆုံးဖြတ်ချက်အတိုင်းပဲ ဆောင်ရွက်သွားမယ်ဆိုရင် ဒီနေ့မှာ ကိစ္စတစ်ခုပြီးနေမှာ ဖြစ်ပါတယ်။ ပြီးနေတဲ့အပြင်ကို ခုနကပြောတဲ့ ဆက်ပြီးသွားမယ့်လုပ်ငန်းစဉ်ကို လုပ်စရာရှိတာ လုပ်ရမယ့်အနေအထားပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါလေးနဲ့ ပတ်သက်ရင်လည်းပဲ ဆုံးဖြတ်ချက်ချပြီးရင် ချပြီးတဲ့အတိုင်းပဲ တိတိကျကျလိုက်နာသွားဖို့ အကုန်လုံး အဖွဲ့အစည်းအသီးသီးမှာ တာဝန်ရှိပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ တင်ပြချင်ပါတယ်။

နောက်တစ်ခုကတော့ ဒီအစည်းအဝေးမှာ ဆောင်ရွက်ရမယ့်ကိစ္စ ပြီးခဲ့တဲ့အပတ်က ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်ရင် သုံးလတာ ကာလအတွင်းမှာ UPDJC အစည်းအဝေးမှာ ပြန်လည်ပြီးတော့မှ ဆွေးနွေးပြီး JICM ကို ပြန်လည်တင်ပြရမယ်ဆိုတဲ့ ကိစ္စတွေ ဆွေးနွေးထားတာရှိပါတယ်။ သို့သော်လည်း ဒီသုံးလတာ ကာလအတွင်းမှာ ထပ်မံညှိနှိုင်းဆွေးနွေးရမယ့် ကိစ္စတွေ အကောင်အထည်မဖော်နိုင်တာလည်းရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ Peace Process မှာ သွားနေတဲ့ အားနည်းချက်တွေအဖြစ် ကျွန်တော့်အနေနဲ့ တွေ့ပါတယ်။ ဒီအားနည်းချက်တွေကို ပြုပြင်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ JICM အစည်းအဝေး၊ UPDJC အစည်းအဝေးတွေဟာ မြန်မြန်ဆန်ဆန်နဲ့ သွက်သွက်လက်လက်နဲ့ ရှေ့ကို အမြဲတမ်းတိုးတက်နေမှာ ဖြစ်ပါတယ်။

**အတည်ပြုနိုင်ဖို့**

ခုဟာက ရှေ့သွားမယ့်ခြေလှမ်းပြင်လိုက်၊ နောက်ပြန်ဆုတ်လိုက် အနေအထားကို တွေ့ရပါတယ်။ ဒီဆောင်ရွက်ရမယ့်ကိစ္စကို ဆုံးဖြတ်ထားပြီးရင် ဆောင်ရွက်ရမယ့် အချက်များကို ဒီနေရာမှာ အတွင်းရေးမှူးအဖွဲ့က အရေးကြီးပါတယ်။ အခုအတွင်းရေးမှူးအဖွဲ့ကိုလည်း ကျွန်တော်တို့ UPDJC လုပ်ခါနီး၊ JICM လုပ်ခါနီးကျမှ ခေါ်တယ်၊ ဆွေးနွေးပြီးတဲ့အခါမှာ အတည်ပြုနိုင်ဖို့အတွက် UPDJC မှာ ဆုံးဖြတ်နိုင်ဖို့ JICM မှာ အတည်ပြုနိုင်ဖို့အတွက် ဒါချမှတ်ထားတဲ့ ToR၊ SOP တွေနဲ့ပဲ သွားနေရမှာဖြစ်ကြောင်းလည်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

နောက်တစ်ခု အကြံပြုချင်တာက နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်ရင် အမြင့်ဆုံးအစည်းအဝေးဖြစ်တဲ့အတွက် ဒီအစည်းအဝေးကနေ ဆုံးဖြတ်ထားတဲ့ အချက်တွေကိုလည်းပဲ အကောင်အထည်ဖော်တဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် ကြားထဲမှာ နားလည်မှုတွေ မလွဲအောင်လည်းပဲ သက်ဆိုင်ရာဒေသမှာရှိတဲ့ အစိုးရအဖွဲ့တွေကိုလည်း အသိပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ နားလည်မှုရှိရှိနဲ့ ဆက်ပြီးဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းစဉ်ဟာ အောင်မြင်သွားမယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ရင်ထဲ၊ အသည်းထဲကနေပြီးတော့မှ ကိုယ်စီ၊ အဖွဲ့အစည်းအသီးသီးကနေ လက်ခံဆောင်ရွက်ပြီးတော့မှ ဒီနေ့၊ ဒီအချိန်အထိ ရောက်လာပြီးဖြစ်ပါတယ်။ ဒီလိုရောက်လာပြီးတဲ့အခါမှ ယုံကြည်ချက်၊ ခံယူချက်တွေနဲ့ သွားနေတယ်၊ သွားတဲ့အခါမှာလည်း ကိုယ်ဖြစ်ချင်တဲ့ဟာကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အတိုင်းအတာ၊ ရသင့်ရထိုက်တဲ့ အတိုင်းအတာ၊ လိုချင်တဲ့လူတွေရဲ့ အတိုင်းအတာအတွင်းက ဆောင်ရွက်သွားမယ်ဆိုရင် နှစ်ဖက်စလုံး ဘာမှပြဿနာတက်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ တချို့နေရာတွေမှာ ကိုယ့်ရဲ့ ဆန္ဒစွဲ၊ တခြားသောဒေသစွဲ၊ လူမျိုးစွဲ၊ သမိုင်းကြောင်းအရ ဆိုပြီးတော့မှ နောက်ပြန်လှည့်တဲ့ ကိစ္စတွေနဲ့ပဲ တဝဲဝဲလည်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းဟာ သွားရမယ့် နိုင်ငံရေးရည်မှန်းချက်သည် ပေါက်မြောက်မှာ မဟုတ်ဘူး ဖြစ်ပါတယ်။

**သတ်သတ်မှတ်မှတ်**

ကျွန်တော်တို့ သက်ဆိုင်ရာ အောက်ခြေအဆင့်တွေမှာ ပြီးပြတ်အောင်၊ အထူးသဖြင့်တော့ အတွင်းရေးမှူးအဖွဲ့တွေက သေသေချာချာဆွေးနွေးပြီး ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဟာ မလွဲမသွေပေါ်လာမှာပဲဖြစ်ပါတယ်။ ဒီလိုသွားတဲ့အခါမှာလည်း ငြင်းခုံနေတဲ့ အတိုင်းအတာနဲ့ အချိန်သတ်မှတ်ချက် မရှိဘူး၊ ဘာမှလည်း မလုပ်ဘူးဆိုရင် သက်ဆိုင်ရာ ရည်မှန်းချက်ကို ရောက်ချင်မှရောက်မယ်၊ ရောက်နိုင်စရာ အကြောင်းလည်းမရှိဘူး။ ခုနက ပြောတဲ့ NMSP နဲ့ LDU လက်မှတ်ရေးထိုးပွဲမှာ ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ပြောခဲ့ပါတယ်။ Time Frame ကို သတ်သတ်မှတ်မှတ်နဲ့ လုပ်ဖို့လည်း အချိန်ကျပြီလို့ ယူဆပါတယ်။

ဒါလေးကို ထပ်ပြီးအကြံပြုချင်ပါတယ်။ ပြီးလို့ရှိရင် ဒီမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စတွေကို ပြင်ဆင်သင့် ပြင်ဆင်ထိုက်တာတွေကို ပြင်ဆင်ဖို့လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောထားပြီးသား ဖြစ်ပါတယ်။ ဒါလေးတွေကိုလည်းပဲ ကျွန်တော်တို့ ညီအစ်ကိုတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးက လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေ၊ လုပ်သင့်လုပ်ထိုက်တဲ့ အချိန်တွေ ဒါတွေကို သတ်သတ်မှတ်မှတ်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့မျှော်မှန်းတဲ့၊ ပြည်သူတစ်ရပ်လုံးက မျှော်မှန်းနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုကြီး မလွဲမသွေ ဖြစ်ပေါ်လာမယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် **NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်က** “(၇) ကြိမ်မြောက် JICM အစည်းအဝေးမှာ လက်မှတ်ထိုးထားတဲ့ ၁၀ ဖွဲ့ ကိုယ်စား စကားပြောခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်အနေဖြင့် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးလိုလိုက ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုအပြည့်ရှိပါတယ်။ ယုံကြည့်မှုအပြည့်ရှိတယ်ဆိုတာကို ပြန်ရှင်းပြလိုတာကတော့ နှစ်ပေါင်း ၇၀ ကျော် အတွင်းမှာဖြစ်ခဲ့တဲ့ ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးမှုတွေဟာ အခုလုပ်ဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေနဲ့ မတူပါဘူး။ NCA စာချုပ်မှာပါတဲ့ဟာတွေက နိုင်ငံတော်တည်ဆောက်ပုံတွေပါပါတယ်။ အဲဒီအပေါ်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးလိုလိုက ယုံကြည်မှုအပြည့်ရှိတာကို တင်ပြချင်တယ်။

**မျှော်လင့်တောင့်တ**

တတိယအချက်အနေနဲ့ ပြောချင်တာကတော့ ToR မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း JICM အစည်းအဝေးကို ကျင်းပနိုင်တာဟာ အနာဂတ်အတွက် အောင်မြင်မှုလမ်းစတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။ ပုံမှန်ကျင်းပနေတဲ့ JICM အစည်းအဝေးကျင်းပတိုင်းမှာ တစ်ခုနဲ့ တစ်ခုကြားမှာ အားနည်းချက်တွေ၊ အားသာချက်တွေရှိမှာပါ။ အားနည်းချက်ရှိရင် JICM အစည်းအဝေးမှာ အားသာချက်ဖြစ်အောင် ဘယ်လိုကြိုးပမ်းရမလဲဆိုတာကို နည်းလမ်းရှာကြဖို့လိုတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာမှုကို မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး မျှော်မှန်းတောင့်တနေတဲ့အပြင် နိုင်ငံတကာကလည်း မျှော်လင့်တောင့်တနေတယ်ဆိုတဲ့အကြောင်းကို ပြောကြားလိုပါတယ်။

၂၀၁၀ ပြည့်နှစ်ကစခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးဟာ စစ်ရေးနဲ့မဖြေရှင်းဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းခြင်းဆိုတဲ့လမ်းစဉ်ဟာ ကောင်းတဲ့ ခြေလှမ်းတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်မယ်ဆိုတဲ့ ပြဋ္ဌာန်းထားတဲ့အတိုင်း NCA မှာမပါဝင်သေးတဲ့ တိုင်းရင်းသားညီနောင်တွေကိုလည်း ပါဝင်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့က စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုလိုချင်ပါတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုချင်တဲ့အခါမှာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ EAO နဲ့ နိုင်ငံရေးပါတီတွေက နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေ အထူးသဖြင့် တိုင်းရင်းသားအားလုံးရဲ့ ဆန္ဒသဘောထားအပေါ်မှာ ရောင်ပြန်ဟပ်စေမယ့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ အရေးကြီးပါတယ်။

တည်ဆောက်တဲ့အခါ နှစ်ပေါင်း ၇၀ ကျော်ဖြစ်လာတဲ့ ပဋိပက္ခကို အချိန်ယူရမှာပါ။ အချိန်ယူပြီးတော့လုပ်ရင် ကျွန်တော်တို့ မျှော်မှန်းတဲ့၊ မြန်မာနိုင်ငံက ပြည်သူတွေ တောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်လာမှာပါ။ နိုင်ငံတော်အကြီးအကဲတွေ၊ တပ်မတော်အကြီးအကဲတွေ၊ EAO ခေါင်းဆောင်တွေနဲ့ နိုင်ငံရေးပါတီတွေက စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို စိတ်ရှည်သဘောထားကြီးစွာနဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

**ဆွေးနွေးခဲ့ကြ**

ယနေ့ကျင်းပသည့် (၇)ကြိမ်မြောက် JICM အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ အကြား သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့မှု၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့မှု၊ ၁၄ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အစည်းအဝေးဆုံးဖြတ်ချက်များ၊ JICM တွင် အဖွဲ့ဝင်သစ်များပါဝင်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့်နေ့ ရက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ထောမွန်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**မှတ်တမ်းတင်ခဲ့**

ယနေ့ ကျင်းပသည့် JICM အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဧပြီလကုန် မေလဆန်းတွင် ကျင်းပရန် လျာထားသတ်မှတ်သည့် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့ကြောင်း၊ ထို့ပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ထိုးပြီး ဝင်ရောက်လာသည့်အချိန်တွင် JICM မှာ မူလက ၈ ဖွဲ့အစား ၉ ဖွဲ့ ဖြစ်သည့်အတွက် ၉ ဦးစီ တက်ရောက်ရန် သဘောတူခဲ့ကြောင်း၊ UPDJC ကို အစုအဖွဲ့ တစ်ဖွဲ့စီမှာ ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းသည့်ကိစ္စကို JICMတွင် ထပ်လောင်းပြီး အတည်ပြုနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် ၉ ချက်ကို JICM အစည်းအဝေးက မှတ်တမ်းတင် အတည်ပြုနိုင်ခဲ့ကြောင်း၊ အလားတူ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ NCA လက်မှတ်ရေးထိုးခဲ့ခြင်းကို JICM တွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

◆ စာမျက်နှာ ၅ မှ

အစိုးရမှ အိမ်ရာအကောင်အထည်ဖော်ရန်နှင့် တိုင်းပြည်၏ အိမ်ရာလိုအပ်ချက်များကို လုံလောက်အောင် ဖြည့်ဆည်းပေးရန်တို့သည် ခက်ခဲမည်ဖြစ်သည့်အတွက် ထိရောက်သော အိမ်ရာဖော်ဆောင်ရေးအတွက် ခိုင်မာသောမူဝါဒများချမှတ်ပြီး အများပြည်သူလက်လှမ်းမီနိုင်သော အိမ်ရာစီမံကိန်းများကို SME လုပ်ငန်းရှင်များကို မြေတောင်မြှောက်ပေးပြီး အစီအစဉ်ကောင်းများဖြင့် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အကြံပြုထားချက်များကို ကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရေရှည်ပဋိပက္ခကင်းဝေးပြီး အကျပ်အတည်းမျိုးစုံကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရသောလုပ်ငန်းများသည် အလွန်အရေးကြီးပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါကြောင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာ အကျပ်အတည်း၊ လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာအကျပ်အတည်း၊ တရားမျှတမှုဆိုင်ရာ အကျပ်အတည်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ ခံစားခဲ့ရကြောင်း၊ အဆိုပါ အကျပ်အတည်းများကို ဖြေရှင်းခြင်းဖြင့် ရေရှည်တည်ငြိမ်အေးချမ်းမှု ရရှိမည်ဟုယုံကြည်ကြောင်း။

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနောက်ကျသော ပြည်နယ်တစ်ခု ဖြစ်ခဲ့ရသည့်အတွက် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးသည် အစိုးရအဖွဲ့သစ်၏ မူဝါဒဖြစ်သကဲ့သို့ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း တစ်ပါတည်း ဦးစားပေးဆောင်ရွက်နေကြောင်း၊ လူတိုင်း လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ် (National Verification Process) ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် မြန်မြန်ဆန်ဆန် အကျိုးရှိမည်ဖြစ်ကြောင်း၊ ဘေးဒဏ်ခံစားရသူများကို အစိုးရမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ချက်များကို ပြည်သူသိအောင် ဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊ သွားလာမှုကန့်သတ်ချက်အဆင့်များ လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး လိုအပ်သော လုံခြုံရေးကိစ္စများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ အရေးကြီးဆုံးအချက်မှာ NV card ကိုင်ဆောင်ထားရန် လိုအပ်ကြောင်း၊ လူသားချင်းစာနာမှု အထောက်အပံ့များ လုံလောက်စွာရရှိအောင် ဆက်လက်ဆောင်ရွက်ထောက်ပံ့နေကြောင်း။

UEHRD စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့ဖြင့်လည်း စာရင်းများကောက်ယူ ထောက်ပံ့မှုကို လေးကြိမ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ငါးကြိမ်မြောက် သွားရောက်ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးကြပ်မှုနှင့် ပြန်လည်ဆန်းစစ်မှုများ လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးအကျပ်အတည်းနှင့် စပ်လျဉ်း၍ နိုင်ငံနယ်နိမိတ်လုံခြုံရေးအတွက် အဓိကလုပ်ဆောင်နေပါကြောင်း၊ နယ်စပ်ခြံစည်းရိုးကာရံမှုများ လုပ်ဆောင်လျက်ရှိရာ အတော်အသင့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား သေချာစွာစိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပြည်နယ်တစ်ခုလုံး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ ပြည်သူသို့ လေးလတစ်ကြိမ် အစီရင်ခံစာကို ပထမအကြိမ် အစီရင်ခံ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ လိုအပ်သည်များကို အကြံဉာဏ်ပေးကြပါရန်နှင့် အစီရင်ခံစာအတွက် အချက်အလက်များပေးပို့သော ဝန်ကြီးဌာနအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ထုတ်ပြန်မည့် ပြည်သူသို့ အစီရင်ခံစာအတွက် ထပ်မံကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခင်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။


ဆက်လက်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ လိုအပ်ချက်များကို အသီးသီးဆွေးနွေးခဲ့ကြပြီး ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်တွင် ပြန်လည်လက်ခံရေးကိစ္စများနှင့် လူငယ်ဆိုင်ရာ သုတေသနတစ်ရပ်ဆောင်ရွက်ရန် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးမှ Minister Counsellor, Head of Section Office, Mr. Johan Hallenborg၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြီးအကဲ Mr. Anders Frankenberg နှင့် British Council မှ Country Director, Mr. Richard Sunderland တို့က ယနေ့တွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးမှ Minister Counsellor, Head off Section Office ဖြစ်သူ Mr. Johan Hallenborg နှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြီးအကဲ Mr. Anders Frankenberg တို့နှင့် တွေ့ဆုံရာတွင် ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် မူဝါဒအသစ်များထားရှိသည့်ကိစ္စများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ဒေသတွင်း လွတ်လပ်စွာလှုပ်ရှားသွားလာလုပ်ကိုင်ခွင့်၊ နိုင်ငံတွင်းနေထိုင်ကြောင်း အထောက်အထား (NV Card) ကိုင်ဆောင်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်ကိစ္စများ၊ နိုင်ငံသားဖြစ်မှု စိစစ်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် ညှိနှိုင်းထားရှိမှုများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေရေးဆွဲဆောင်ရွက်နေမှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲထားမှု၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေ ချမှတ်ထားရှိပြီး နည်းဥပဒေအား အတည်ပြုနိုင်ရန် လွှတ်တော်သို့ တင်သွင်းထားရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း သတင်းမီဒီယာများ လွတ်လပ်စွာ သတင်းရယူရေးကိစ္စများ၊ နယ်စပ်လုံခြုံရေးနှင့် ဒေသတွင်းလုံခြုံရေး တိုးမြှင့်ဆောင်ရွက်နေမှုများအား ဆွေးနွေးခဲ့ကြသည်။

British Council မှ Country Director, Mr. Richard Sunderland နှင့် တွေ့ဆုံရာတွင် ဗြိတိသျှကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများ၊ Next Generation အမည်ဖြင့် လူငယ်ဆိုင်ရာသုတေသနစီမံကိန်းများကို British Council မှ ကမ္ဘာတစ်လွှားဆောင်ရွက်ခဲ့မှုများ၊ British Council နှင့် Next Generation သုတေသနလုပ်ငန်းအရ ဆောင်ရွက်မည့် လူငယ်ဆိုင်ရာသုတေသနတစ်ရပ်ကို မြန်မာနိုင်ငံတွင် ဆောင်ရွက်ရေးကိစ္စ၊ လူငယ်မူဝါဒရေးဆွဲထုတ်ပြန်ထားပြီး လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်နေသည့်ကိစ္စများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝန်ကြီးဌာနမှ လူမှုရေးလုပ်ငန်းတာဝန်ယူ ဆောင်ရွက်နေသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်တွင် နွေရာသီအခြေခံအားကစား ကရာတေးဒိုသင်တန်းဖွင့်

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၈**

ဘူးသီးတောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် လေးဝတီကရာတေးဒိုအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၈ ခုနှစ် နွေရာသီအခြေခံအားကစားကရာတေးဒိုသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၅ ရက်ထိ ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၇၅ ဦး တက်ရောက်သင်ကြားနေပြီး မြို့နယ်အား/ကာ နည်းစနစ်မှူး ဒေါ်နီလာဝင်း၊ လေးဝတီကရာတေးဒိုအသင်းမှ သင်တန်းဆရာ ဦးခင်မောင်ဌေးနှင့် ဦးမောင်ခင်တို့က နည်းပြဆရာများအဖြစ် သင်ကြားပြသနေကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် အား/ကာ ဦးစီးဌာနအနေဖြင့် နွေရာသီအခြေခံအားကစားနည်းလေးမျိုး သင်ကြားမည်ဖြစ်ရာ သင်တန်းအမျိုးအစားများမှာ ကရာတေးဒို၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးတို့ ပါဝင်ပြီး ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးသင်တန်းကို မတ်လ တတိယပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ နွေရာသီအခြေခံအားကစားသင်တန်းများအတွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောက်ဦးခရိုင်ရုံး၌ မြို့ စာပေတတ်မြောက်ရေး မြို့လူငယ်များ တွေ့ဆုံဆွေးနွေး

**မြောက်ဦး ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မြို့ စာပေတတ်မြောက်ရေးလူငယ်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံနွေးဆွေးပွဲသို့ ကျောက်တော်၊ မြောက်ဦးနှင့် ပလက်ဝမြို့နယ်များမှ မြို့တိုင်းရင်းသား တိုင်းရင်းသူများက မြို့စာပေတတ်မြောက်ရေးခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

မြို့တိုင်းရင်းသား တစ်ဦးတစ်ယောက်ချင်းစီက မြို့စာပေတတ်မြောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကော်မတီအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊ မြို့လူငယ်များ၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိလာအောင် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ မြို့ လူငယ်စာပေတတ်မြောက်ရေးအဖွဲ့မှ စာရင်းစစ် ကိုစည်သူက ပြောသည်။ **ခရိုင်(ပြန်/ဆက်)**

# အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့စီးပွားရေးဘဏ်ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် (ကြည့်မြင်တိုင်ဘဏ်ခွဲ)သည် အင်းဝဘဏ်လီမိတက်၏ ၄၇ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ကြည့်မြင်တိုင်ကမ်းနားလမ်း တန် ၃၆၀ ဆန်ဖြူချောစက်ရုံဝင်းတွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီလုပ်ငန်းရှင်များအတွက် မူဝါဒ ပြန်လည်ပြောင်းလဲပေးစေလို

**မန္တလေး ဖေဖော်ဝါရီ ၂၈**
ဆီစက်လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးထားသော မူဝါဒမှာ မှားယွင်းနေသည့်အတွက် ပြန်လည်ပြောင်းလဲပေးစေလိုကြောင်း မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကြီးက ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက Mandalay Karaweik Mobile Hotel တွင် ပြုလုပ်သော နယ်စပ်ကုန်သွယ်ရေး အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ စကားဝိုင်းတွင် ပြောကြားသည်။

နိုင်ငံတော်အစိုးရမှ ဆီစက်လုပ်ငန်းရှင်များ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်ကူညီကြီးကြပ်ရန်၊ ဆီစက်များ အသစ်တည်ဆောက်ရန်နှင့် အဆင့်မြှင့်တင်ရန် စသည့်အချက်များကို မူဝါဒချမှတ်ပေးထားပြီး ငွေကျပ် ၂၆ သန်း ကူညီထောက်ပံ့ပေးရန် လျာထားသော်လည်း ၎င်းအချက်များသည် ဆီစက်လုပ်ငန်းရှင်များအတွက် ကိုက်ညီမှုမရှိကြောင်း သိရသည်။

"စက်အသစ်တည်မယ်၊ စက်တွေကို အဆင့်မြှင့်တင်မယ်၊ စက်ရုံအသစ်တည်ဆောက်မယ်ဆိုတဲ့ မူဝါဒကို ပြန်ပြီးစဉ်းစားသင့်တယ်၊ စက်အသစ်တည်ပေမယ့်လည်း ဈေးကွက်မရှိဘူးဆိုရင် ဒီဆီစက်တွေက ရပ်သွားမှာပဲ၊ ဒီလုပ်ငန်းတွေက တိုးတက်လာမှာမဟုတ်ဘူး၊ မူဝါဒလေးသာ ပြောင်းလိုက်မယ်ဆိုရင် ဒီလုပ်ငန်းတွေက နှစ်နှစ်အတွင်း လျင်လျင်မြန်မြန်လေး တိုးတက်သွားမယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ ဆီစက်များ ရပ်နားထားရခြင်းမှာ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကြောင့်ဖြစ်ပြီး ဆီစက်လုပ်ငန်းများ ပြန်လည်လည်ပတ်ကာ ဈေးကွက်ရရှိနိုင်စေရန် စားအုန်းဆီတင်သွင်းမှုကို ကုန်သွယ်ခွန် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည့် မူဝါဒကို ဆီစက်ပိုင်ရှင်များက တောင်းဆိုထားကြောင်း သိရသည်။

"ပြည်တွင်း SME လုပ်ငန်းတွေ တိုးတက်ဖို့ နိုင်ငံတော်ကလုပ်နေပေမယ့် ကျွန်တော်တို့ ဆီစက်တွေ ၉၀ ရာခိုင်နှုန်းက ရပ်နေတယ်၊ ဒါကြောင့် ဒါကို ပြုပြင်ဖို့ တစ်ချိန်က နိုင်ငံရေးလက်နက်သဖွယ်သုံးခဲ့တဲ့ စားအုန်းဆီတင်သွင်းမှုကို ပြောင်းလဲဖို့လိုပြီ၊ ဒါပေမယ့် ဈေးကွက်စီးပွားရေးစနစ်မှာ ဒီဆီတွေကို လုံးဝမသွင်းဖို့ လုပ်မယ်ဆိုရင်တော့ အံဝင်ခွင်ကျဖြစ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်တို့က စားအုန်းဆီနဲ့ပတ်သက်ပြီး ကုန်သွယ်ခွန်တိုးမြှင့်ကောက်ပေးဖို့ လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက အခုချိန်ထိ တောင်းဆိုနေတယ်"ဟု ၎င်းက ပြောသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကြောင့် ဆီစက်လုပ်ငန်းများ ရပ်နားထားရသည့်အတွက် တိရစ္ဆာန်အစာများပါ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှ တင်သွင်းနေရကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဆီစက်ပေါင်း ၁၀၀၀ ကျော်ရှိသည့်အနက် လက်ရှိတွင် ၉၀ ရာခိုင်နှုန်းမှာ ရပ်နားထားရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်း စားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သော ရက်၊ နှင်းကျသော ရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)
- ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေအသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**ရိုခေါဒါရ် ဖေဖော်ဝါရီ ၂၈**
ချင်းပြည်နယ် ရိုခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ပြန်/ဆက်ရုံး Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးလာလ်ပက်လောမ်က ပြည်သူများ အသိပညာဗဟုသုတ အလွယ်တကူ ရှာဖွေလေ့လာနိုင်စေရေး၊ လူတိုင်း စာအုပ်စာပေနှင့် ပိုမိုနီးစပ်ထိတွေ့နိုင်စေရေးအတွက် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းဖြင့် အများပြည်သူဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကျေးလက်နေပြည်သူများ မိမိဒေသ၌ပင် စာအုပ်စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ စာအုပ်စာပေ၏ လေးနက်သည့် တန်ဖိုးနှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောပြီး စာအုပ်အလှူရှင်က စာအုပ်၊ စာစောင်လှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စေတနာအလှူရှင် ဒေါ်လျန်ကိပ်ဆုန်း (နူလျန်နီး) မိသားစုက ပြည်သူ့စာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက် (၅)တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပြီး ပြန်/ဆက်ဦးစီးမှူးက လက်ခံရယူကာ အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စာအုပ်၊ စာစောင်များ လှူဒါန်းရာတွင် ဝတ္ထု၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ် စုစုပေါင်း ၆၂၄ အုပ် လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ခေတ်စနစ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကို မင်္ဂလာဒုံမြို့နယ် Community Centre ခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်စီမံခန့်ခွဲမှု၊ စာကြည့်တိုက်ဝန်ဆောင်မှု၊ စာကြည့်တိုက်နှင့် ကလေးသူငယ် ပုံပြောနည်းဆိုင်ရာများနှင့် တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ တက်ရောက်လာသူများက အုပ်စုအလိုက် အပြန်အလှန် ဆွေးနွေးစေခြင်းနှင့် ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆေးရောင်ခြယ်၊ ပန်းချီ၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
ကျောင်းသားလူငယ်များ ဉာဏ်ရည်တိုးတက်မြင့်မားလာစေရန်နှင့် စာဖတ်ဝါသနာ ရင့်သန်စေရန်ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန community centre ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးသိန်းက ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲစတင်ကျင်းပရာ အကဲဖြတ်ဒိုင်များအဖြစ် စာရေးဆရာ ဦးထွန်းတင်မြင့် (တစ်မိုးအောက်)၊ ပန်းချီဆရာထွန်းထွန်း (မှော်ဘီ)နှင့် ဦးမျိုးမင်းတို့က ဆောင်ရွက်ပေးခဲ့ကြသည်။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူပေါင်း ၇၇ ဦး ရှိပြီး ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို စာရေးဆရာ ဝင်းနွယ်(ပုသိမ်)နှင့် ဒိုင်အဖွဲ့တို့က ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ○ တူရကီနိုင်ငံမှ

တရုတ်တန်း၊ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ကမ်းနားလမ်းတစ်လျှောက်၊ ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် ကန်တော်ကြီးတို့သို့ သွားရောက်လေ့လာ လည်ပတ်ကြမည်ဖြစ်သည်။

ထို့နောက် ပုဂံမြို့ရှိ သမိုင်းဝင်စေတီပုထိုးများ၊ လက်မှုအနုပညာယွန်းထည်လုပ်ငန်းများကို လေ့လာကြည့်ရှုကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စလေ၊ ဟဲဟိုး၊ ညောင်ရွှေမြို့ရှိ ဖောင်တော်ဦးဘုရား၊ အင်းလေးကန်တို့သို့ သွားရောက်ကြမည်ဖြစ်သည်။ ဆက်လက်၍ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရား၊ ရွှေနန်းတော်ကျောင်း၊ မန္တလေးတောင် စသည့် ထင်ရှားကျော်ကြားသည့်နေရာများ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ၊ ဦးပိန်တံတား၊ အင်းဝနှင့် စစ်ကိုင်းမြို့တို့ရှိ အထင်ကရနေရာများကို လေ့လာလည်ပတ်ကြမည်ဖြစ်သည်။

ယခုခရီးစဉ်တွင် ပါဝင်သူ တူရကီဧည့်သည် Mrs. Mayda TUNA က "ဒီခရီးစဉ်က မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ နေရာဒေသတော်တော်များများက စိတ်ဝင်စားဖို့ကောင်းပါတယ်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကလည်း မြန်မာနိုင်ငံကို တစ်ခေါက်ရောက်ခဲ့ဖူးပါတယ်၊ မြန်မာနိုင်ငံရဲ့ အင်းလေးဒေသကတော့ ကျွန်မအတွက် ဆွဲဆောင်မှုရှိတဲ့နေရာ၊ အကြိုက်ဆုံးနေရာတစ်ခုလည်း ဖြစ်ပါတယ်"ဟု ဆိုသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်ခန့် ရောက်ဖူးသူ Mr. Kenan Jay TAMER က ၎င်း၏ ခရီးစဉ်များအတွင်း ယခု မြန်မာနိုင်ငံခရီးစဉ်သည် ပထမဆုံးအကြိမ် ဖြစ်သည့်အတွက် စိတ်လှုပ်ရှားကြောင်း၊ မြန်မာနိုင်ငံရှိ ပုဂံမြို့ကို စိတ်ဝင်စားသည့်အတွက် ယခုလို လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တာရာ၊ ဓာတ်ပုံ-လှမိုး**

# ကျွန်းသစ်ခွဲသားများ တင်ဆောင်မောင်းနှင်လာသော ခြောက်ဘီးယာဉ် တိမ်းမှောက်



**မြဝတီ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် အာရှလမ်းမကြီး ရင်ခွဲတောင်အနီးတွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီခွဲခန့်က ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ အာရှလမ်းမကြီးအတိုင်း ကျော်သူစိုး ၃၉ နှစ် မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကာ မြဝတီဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသားများ တင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်းအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ တရားလိုပြသက်သေ နှစ်ဦးကို စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေဖြင့် တရားစွဲဆိုခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ တရားလိုပြ သက်သေနှစ်ဦးကို စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယ ခရိုင်တရားသူကြီး ဦးအုန်းခိုင်က "ဒီနေ့မှာတော့ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေးပါတယ်၊ ဘီယာဆိုင်ပိုင်ရှင် ဒေါ်ဌေးဌေးမြင့်နဲ့ ရှာဖွေသက်သေဖြစ်တဲ့ ကုန်းတလဘောင်ကျေးရွာ ရာအိမ်မှူး ဦးကျော်ရှိန်တို့ကို စစ်ခဲ့တာပါ၊ ဒေါ်ဌေးဌေးမြင့်ကိုတော့ တရားစွဲဆိုခံရတဲ့သူနှစ်ဦးနဲ့ ပတ်သက်ပြီး သိတာမြင်တာတွေကို စစ်ဆေးတယ်၊ ရာအိမ်မှူး ဦးကျော်ရှိန်ကိုတော့ ရှာဖွေသက်သေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့မှုအပေါ် စစ်ဆေးတာပါ၊ ကျွန်တော်တို့အနေနဲ့ကတော့ ဥပဒေနဲ့အညီ အမြန်ဆုံး၊ အမှန်ဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

အဆိုပါ အမှုကို မြောက်ပိုင်းခရိုင်တရားရုံးမှ မတ် ၇ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ စစ်ဆေးရန် ကျန်ရှိနေသော တရားလိုပြသက်သေများအနက်မှ နှစ်ဦးကို ဆက်လက်စစ်ဆေးသွားရန် စီစဉ်ထားသည်။ အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေ ၂၅ ဦးရှိသည့်အနက် ယနေ့ ခုနစ်ကြိမ်မြောက် ရုံးထုတ်မှုအပြီးတွင် တရားလိုပြသက်သေ ရှစ်ဦးကို စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**



# တွန်းဇံမြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများ ကွင်းဆင်းဖျက်ဆီးလျက်ရှိ

**တွန်းဇံ ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ်၌ ဖော်ဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ တွန်းဇံမြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများအား ကွင်းဆင်းရှာဖွေဖျက်ဆီးလျက်ရှိခဲ့သည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်း သုံးကြောင်းဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်းရှာဖွေဖျက်ဆီးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းရှာဖွေဖျက်ဆီးရာတွင် အမှတ်(၁)စစ်ကြောင်းသည် ဆဲနမ်အုပ်စုကို အခြေပြု၍ ကွင်းဆင်းရှာဖွေရာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ငါးဧက၊ အန်းလွန်အုပ်စုကို အခြေပြု ရှာဖွေရာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ဧက ၂၀ စုစုပေါင်း ၂၅ ဧက ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြကြောင်း၊ အမှတ်(၂)စစ်ကြောင်းသည် လုံတပ်အုပ်စုကို အခြေပြု၍ ကွင်းဆင်းရှာဖွေရာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ၁၅ ဧက၊ ဆာလ်ဇန်အုပ်စုကို အခြေပြု၍ ကွင်းဆင်းရှာဖွေရာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ငါးဧက စုစုပေါင်းဧက ၂၀ ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်းနှင့် အမှတ်(၃)စစ်ကြောင်းသည် ကျီခါးမြို့ ဆွောင်းဇန်အုပ်စုကို အခြေပြု၍ ကွင်းဆင်းရှာဖွေရာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ၁၁ ဧက ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခရီးသည်တင်ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော တရုတ်နိုင်ငံထုတ် ဟန်းဆက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ခရီးသည်တင် ယာဉ်တစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော တရုတ်နိုင်ငံထုတ် ဟန်းဆက်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Huawei Y3 2017 Hand Set ၁၅၇၅ လုံး၊ Mi Note 5A Hand Set ၇၃၅ လုံး၊ Huawei Enjoy 7 Hand set အလုံး ၃၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၆ ဒသမ ၆၀၀ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့ သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၅ ဒသမ ၉၂၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၄၂၅ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၃၄၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၅ စီး၊ သွင်းကုန် ၈၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# ခန္တီးမြို့နယ်နှင့် မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီက ခန္တီးမြို့နယ် နန်စီပွန်ဒေသ ညောင်တစ်ပင်မှော်လမ်းတွင် ကျော်သန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၊ ဘိန်းဖြူ ၂၀ ဂရမ်နှင့် ငွေကျပ်သိန်း ၂၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ညနေ ၃ နာရီခန့်က မဘိမ်းမြို့နယ် စီပိန်းကျေးရွာ အုပ်စု မုံးညင်းခင်း(ဒေသအခေါ်) အနီးတွင် ညီစိန် မောင်းနှင်ပြီး မယေဆွယ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မယေဆွယ်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ၊ ငွေကျပ်သိန်း ၁၀၀၊ ရွှေလက်စွပ်နှစ်ကွင်းနှင့် ရွှေနားကပ်တစ်ရံတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ညီစိန်နှင့် မယေဆွယ် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၁-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၅း၀၀ | အဖွင့် သာယာငြိမ်းအေးမင်္ဂလာတေး |
| ၀၅း၁၅ | ပြည်သူ့နီတိ "စေတနာရေစီးကမ်းပြို" |
| ၀၅း၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၄၅ | Myanmar Betels |
| ၀၆း၀၅ | Culture Shows; Theatrical Art |
| ၀၆း၁၀ | Great Shwedagon-The Ten Traditional Arts & Craft။ |
| ၀၆း၃၅ | A Star for Great Achievement |
| ၀၆း၄၅ | CHEF LIFE - PHYO ARBIDANS |
| ၀၇း၀၀ | Surprise Meals |
| ၀၇း၂၀ | ရခိုင်ပြည်ရဲ့ စိတ်ဝင်စားဖွယ်နေရာများ |
| ၀၇း၄၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၅) |
| ၀၈း၃၀ | MRTV Entertainment Music |
| ၀၈း၅၀ | Now in Yangon |
| ၀၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၆၇) |
| ၀၉း၃၅ | ကာတွန်းအစီအစဉ် "Sword of the Stranger" |
| ၁၁း၁၅ | Surprise Meals |
| ၁၁း၄၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အပြောင်းအလဲ" |
| ၁၃း၅၀ | Running Man (Ep-313) |
| ၁၄း၂၅ | Now in Yangon |
| ၁၄း၃၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၅) |
| ၁၅း၀၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၆၇) |
| ၁၅း၃၅ | မြန်မာရုပ်ရှင် "ဒေင်မြို့သားများ" |
| ၁၇း၃၀ | Cartoon "Chhota Bheem (Episode-6)" |
| 18;00 | Running Man (Ep-314) |
| ၁၈း၄၀ | MRTV Entertainment Music |
| ၁၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၆) |
| ၁၉း၃၀ | MRTV Entertainment Music |
| ၂၀း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၆၈) |
| ၂၀း၃၀ | Game Show "10 to Million Myanmar" (Epi-87) |
| ၂၁း၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၂၁း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အနမ်းနဲ့ထိရင်ကြွေ" |
| ၂၃း၃၅ | Culture Shows; Theatrical Art |
| ၂၃း၄၅ | Great Shwedagon-The Ten Traditional Arts & Crafts |

**၂-၃-၂၀၁၈ (သောကြာနေ့)**

| | |
|---|---|
| ၀၀း၀၅ | ကာတွန်းအစီအစဉ် "Sword of the Stranger" |
| ၀၁း၄၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၆) |
| ၀၂း၁၅ | မြန်မာရုပ်ရှင် "ကဝေပျို၏ ပစ္စုပ္ပန်" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာခရီးလည်ပတ်ရန် ဂျော်ဒန်ဘုရင်နှင့်အဖွဲ့ ရောက်ရှိ



**နယူးဒေလီ ဖေဖော်ဝါရီ ၂၈**

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ နှင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံတွင် သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရောက်ရှိလာပြီး ဂျော်ဒန်ဘုရင်နှင့်အတူ စီးပွားရေးလုပ်ငန်းရှင် အများအပြား ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ဂျော်ဒန်ဘုရင်နှင့် ကိုယ်စားလှယ်အဖွဲ့အား ဒေလီမြို့ရှိ လေဆိပ်တွင် ကြိုဆိုခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

အိန္ဒိယနှင့် ဂျော်ဒန်နှစ်နိုင်ငံအကြား အရေးပါသော ပူးတွဲဆောင်ရွက်ချက်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာဗတ်ဘူချ်မာက ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံသို့ လာရောက်သည့် ဂျော်ဒန်ဘုရင်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အရေးကိစ္စများအပေါ်၌ စိတ်ပါဝင်စားမှုများအပေါ် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များ၌ ဖော်ပြသည်။

ဂျော်ဒန်နိုင်ငံဘုရင်၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအတွင်း မတူကွဲပြားသော ဒေသများ၌ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှု စာချွန်လွှာများ ရေးထိုးသွားမည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ**



# ရာထူးမှ စွန့်လွှတ်ကြောင်း ကြေညာပြီးနောက် ရာဒစ်မြို့သို့ လက်ဘနွန်ဝန်ကြီးချုပ် ပထမဆုံးရောက်ရှိလာ

**ရာဒစ် ဖေဖော်ဝါရီ ၂၈**

လက်ဘနွန်ဝန်ကြီးချုပ် ဆာအစ် ဟာရီရီသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရာဒစ်သို့ ရောက်ရှိလာကြောင်း၊ ဆော်ဒီအာရေဗျဘုရင်နိုင်ငံသို့ ၎င်းလာရောက်မှုသည် ယမန်နှစ် နိုဝင်ဘာလအတွင်းက လက်ဘနွန်ဝန်ကြီးချုပ် တာဝန်မှ နုတ်ထွက်ကြောင်း ၎င်းကိုယ်တိုင်ကြေညာခဲ့အပြီး သုံးလတာမျှကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီသည် ဆော်ဒီအာရေဗျနိုင်ငံသို့လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်ကာလအတွင်း ဆော်ဒီအာရေဗျနိုင်ငံဘုရင် ဆော်လ်မန်ဘင် အဗ္ဗဒူအဇစ်နှင့် ဆော်ဒီအိမ်ရှေ့မင်းသား ဟိုဟာမက်ဘင် ဆော်လ်မန်တို့နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

ယမန်နှစ် နိုဝင်ဘာ ၄ ရက်က အမှတ်မထင်ပြုလုပ်ခဲ့သော လက်ဘနွန်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခြင်းနှင့် ယင်းနုတ်ထွက်မှုများ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ခြင်းတို့သည် လက်ဘနွန်နိုင်ငံနှင့် ဒေသဆိုင်ရာအတွင်းဖြစ်ပေါ်သည့် နိုင်ငံရေး အကျပ်အတည်းများကြောင့်ဟု လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီက ကြေညာခဲ့ပြီး ယမန်နှစ်ဒီဇင်ဘာလ အစောပိုင်းတွင် လက်ဘနွန်ဝန်ကြီးချုပ်က ၎င်း၏နုတ်ထွက်လွှာတင်သွင်းမှုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

**ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံသို့ ဓာတုလက်နက် ဆက်စပ်ပစ္စည်းများ ပြုံယမ်းက တင်ပို့သည်ဟု ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့ ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

ကုလသမဂ္ဂ ဓာတုလက်နက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဓာတုလက်နက်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဆီးရီးယားနိုင်ငံသို့ မြောက်ကိုရီးယားနိုင်ငံက တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်မီဒီယာများက ယနေ့ သတင်းရေးသားဖော်ပြကြသည်။

ကုလသမဂ္ဂ ဓာတုလက်နက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဆီးရီးယားနိုင်ငံသို့ ဓာတုလက်နက် ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို မြောက်ကိုရီးယားနိုင်ငံက သင်္ဘောဖြင့်တင်ပို့ခဲ့သည်ဟု ရေးသားထားသော အစီရင်ခံစာတစ်ရပ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဖြေရှင်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိမရှိ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ မြောက်ကိုရီးယားနိုင်ငံသည် ဆီးရီးယားနိုင်ငံသို့ ဓာတုလက်နက်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တရုတ်ကုန်သွယ်ရေးကုမ္ပဏီနှင့် အခြားသော ကုမ္ပဏီများမှ တစ်ဆင့်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆီးရီးယားနိုင်ငံအတွင်းရှိ ဓာတုလက်နက်ထုတ်လုပ်ရေးစက်ရုံများတွင် မြောက်ကိုရီးယား ပညာရှင်များကို တွေ့ရှိရကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက်စက်ရုံများ ဆက်လက်တည်ရှိနေခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီတာ နာအူရတ်က ဆိုသည်။

ထိုကဲ့သို့ အပျက်အစီးများကို ဖြစ်ပေါ်စေနိုင်သည့် လက်နက်များ ကမ္ဘာတစ်ဝန်း မပြန့်ပွားစေရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးမှုအစီအစဉ်ကို ပယ်ဖျက်ပစ်ရန် လိုအပ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီတာ နာအူရတ်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း ဆီးရီးယားနိုင်ငံအတွင်း ပစ်ခတ်မှုများ ရပ်တန့်မှုမရှိသေး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၈**

ဆီးရီးယားနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေး ကြေညာထားသော်လည်း မြို့တော် ဒမတ်စကတ်အနီး ဂူတာမြို့အရှေ့ဘက်တွင် ဆီးရီးယားတပ်ဖွဲ့နှင့် အစိုးရဆန့်ကျင်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုများ ရှိနေသေးကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ဂူတာမြို့အရှေ့ဘက်တွင် ဆီးရီးယားတပ်ဖွဲ့က အစိုးရဆန့်ကျင် တပ်ဖွဲ့များအား လေကြောင်းတိုက်ခိုက်မှုများအပါအဝင် လက်နက်ကြီးပစ်ခတ်မှုများ ဆက်လက်ဆင်နွှဲလျက်ရှိကြောင်းနှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီအထိ ပစ်ခတ်မှု ရပ်ဆိုင်းခြင်းမရှိသေးကြောင်း မီဒီယာများက ဆိုသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များက ၎င်းတို့အား ထောက်ပံ့ပေးသည့် ရုရှားနိုင်ငံက တောင်းဆိုထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနှင့်အညီ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီမှ ငါးနာရီကြာ ပစ်ခတ်မှု ရပ်ဆိုင်းမည်ဟု ကတိပြုထားသော်လည်း ယခုကဲ့သို့ ပစ်ခတ်မှုများ ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဆီးရီးယားပြည်တွင်းစစ်တွင် ဖေဖော်ဝါရီ ၁၈ ရက်ကစပြီး ကလေးငယ် ၁၄၆ ဦးအပါအဝင် အရပ်သား ၅၈၂ ဦး သေဆုံးခဲ့ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားနိုင်ငံ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဝမ်းမြောက်ဂုဏ်ယူခြင်း

(၁၉၆၅-၁၉၈၅) ခုနှစ်၊ စင်ထရယ် အ ထ က (၁) လသာ ကျောင်းသားဟောင်းဖြစ်သူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဖေဖော်ဝါရီလ (၁၆) ရက်နေ့ နံနက်တွင် ထိုင်းဘုရင်မင်းမြတ်က "The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant" ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**စင်ထရယ် အထက (၁) လသာ**
**ကန်တော့ခံ ဆရာ/ဆရာမများ**
**ကျောင်းသားဟောင်းများ**

**သင်္ချာကျော်မှိန် M.Sc. (Maths). Final.**
၂၀၁၈-၂၀၁၉ စာသင်နှစ်အတွက် ၇-၈-၉-၁၀တန်း
**နေ့(၃)လပြတ်သင်္ချာနှင့်အင်္ဂလိပ်စာသင်တိုးကျွန်ပုံမှန်ဘာသာစုံဝိုင်းနှင့်ဒေါက်ဒါ**
သင်္ချာနှင့်အင်္ဂလိပ်စာ အိမ်ဝိုင်းလက်ခံသင်ကြားပေးသည်။ ၃-၃-၂၀၁၈စမည်
**မဟာကျော် အဝေးသင်တက္ကသိုလ် ဝိဇ္ဇာ**
အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စီးပွားရေး
အမှတ်-၃၅၃၊ ဒုထပ်၊ မဟာဗန္ဓုလလမ်း (ဆိပ်ကမ်းသာလမ်းနှင့်၃၇လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

နိုင်ငံတကာကျောင်းများ၌ အသုံးပြုသင်ကြားသော တရုတ်စာနှင့် လုပ်ငန်းစီးပွားရေးအထွေထွေ တရုတ်စာ စကားပြောဘာသာရပ်များကို အိမ်တိုင်ရာရောက် လိုက်လံသင်ကြားပေးပါသည်။
**ဆရာ ဦးဇော်ညိမ်းအောင်**
**09260444756**

## ကန့်ကွက်နိုင်ပါကြောင်း

ဦးသန်းမြင့် [၁၂/သလန(နိုင်)၀၂၇၅၇၇]သည် အမှတ် E/34၊ နှင်းဆီ(၈)လမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် အလျား ပေ၆၀၊ အနံ ပေ ၄၀ရှိ မြေကွက်ကို ကျွန်မ ဒေါ်ပန်းအိခိုင်[၁၂/လမန(နိုင်)၁၄၆၇၄၃]သည် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပါကြောင်း ကန့်ကွက်လိုပါက ကြေညာစာပါပြီး (၁)ပတ်အတွင်း ကျွန်မဒေါ်ပန်းအိခိုင်ထံသို့ မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိခိုင် [၁၂/လမန(နိုင်)၁၄၆၇၄၃]**
**၆၈-B၊ သီရိမြိုင် (၁၃)ရပ်ကွက်၊ ပေါင်းစည်းလမ်း၊ လှိုင်မြို့နယ်။**
**Ph:09-450003288**

## ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအား ဖြည့်တင်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်နေ

**နေပြည်တော်၊ ဖေဖော်ဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတွင် (လစာနှုန်း ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀)ပညာရှင် အဆင့်(၄)ရာထူးများဖြစ်သည့် အလယ်တန်းကျောင်းအုပ်၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်အင်ဂျင်နီယာရာထူးများသည် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း လစ်လပ်လျက်ရှိပါသည်-

| စဉ် | လစ်လပ်ရာထူးအမည် | လစ်လပ်နေရာ |
|---|---|---|
| ၁ | အလယ်တန်းကျောင်းအုပ် | ၁၆၉၂ |
| ၂ | ဒုတိယမြို့နယ်ပညာရေးမှူး | ၅၅ |
| ၃ | ဦးစီးအရာရှိ(ပညာရှင်) | ၆၇၃ |
| ၄ | ဦးစီးအရာရှိ(ကာယ) | ၂၄ |
| ၅ | ဦးစီးအရာရှိ(ရုံး) | ၃၁၇ |
| ၆ | ဦးစီးအရာရှိ(ကွန်ပျူတာ) | ၆၅ |
| ၇ | လက်ထောက်အင်ဂျင်နီယာ | ၁၁ |
| | စုစုပေါင်း | ၂၈၃၇ |

အဆိုပါလစ်လပ်နေသော ရာထူးနေရာများ ဖြည့်တင်းနိုင်ရန်အတွက် ၂၇-၁-၂၀၁၈ရက်တွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ပညာရှင် အဆင့်(၃) အမှုထမ်းများအား ရေးဖြေနှုတ်ဖြေစာမေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ဖြေဆိုသူ(၆၇၆၅)ဦးရှိပြီး အောင်မြင်သူ(၆၂၉၄)ဦးရှိခဲ့ပါသည်။ စာမေးပွဲဖြေဆို အောင်မြင်သူများ စာရင်းကို ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| စဉ် | လစ်လပ်ရာထူးအမည် | ဖြေဆိုသူဦးရေ | အောင်မြင်သူဦးရေ |
|---|---|---|---|
| ၁ | အလယ်တန်းကျောင်းအုပ် | ၆၀၃၁ | ၅၅၉၄ |
| ၂ | ဒုတိယမြို့နယ်ပညာရေးမှူး | ၃၅၃ | ၃၃၈ |
| ၃ | ဦးစီးအရာရှိ(ပညာရှင်) | ၂၈၂ | ၂၇၄ |
| ၄ | ဦးစီးအရာရှိ(ကာယ) | ၈၇ | ၇၇ |
| ၅ | ဦးစီးအရာရှိ(ရုံး) | ၈ | ၇ |
| ၆ | ဦးစီးအရာရှိ(ကွန်ပျူတာ) | ၃ | ၃ |
| ၇ | လက်ထောက်အင်ဂျင်နီယာ | ၁ | ၁ |
| | စုစုပေါင်း | ၆၇၆၅ | ၆၂၉၄ |

အဆိုပါစာမေးပွဲတွင် ဖြေဆိုအောင်မြင်သူများအား လုပ်သက်ရမှတ်နှင့် စာမေးပွဲရမှတ်များကို ပေါင်း၍ တန်းစီဇယားပြုလုပ်ပြီး အခြေခံပညာဦးစီးဌာနရှိ

ဆရာ/မ အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာ ဆုံမည်မဟုတ်
ယုံကြည်စွာအပ်နှံပါ
ငွေကုန်လူပန်းမဖြစ်စေရ
၅/ ၁၀ တန်း
သင်တန်းကြီး
(ဘာသာစုံ)ကျွမ်းကျင်ဆရာဖြစ်
၈၊၉၊၁၀(ဘာသာစုံ) နွေ/ပုံမှန် နေ့တက်/ ဝိုင်း
၄.၃.၂၀၁၈ နှင့် ၁၆.၃.၂၀၁၈
ထွေ/အုပ်(၃-ဦးစီး) Non-stop
English 4 skills
ကွန်ပျူတာအမြန်သင်တန်းများ
တိုက်(၃၅) ၃လွှာ၊ ပေ(၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊
ရန်ကုန်။ဖုန်း- ၀၉၄၄၃၀၀၈၇၁၉၊၀၉၂၆၃၇၀၄၀၀၅။၀၉၂၅၀၆၅၁၀၉၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၁၅)၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ ခိုင်ရွှေဝါလမ်း၊ ၃-ရပ်ကွက်၊ နှစ်(၆၀) မြေငှားဂရန် (စီမံချက်ဂရန်) အမည်ပေါက်-ဦးခင်ဝင်း၊ မြေအားအမည်ပေါက် ဦးခင်ဝင်း ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်-၂၇၉၆/၂၀၁၇ (၁၂-၉-၂၀၁၇)ဖြင့် ပိုင်ဆိုင်သူများဖြစ်သည့် ဦးလှဦး [၁၂/ကမရ(နိုင်)၀၄၃၅၇၉]၊ ဦးလှမြင့် [၁၂/လသန(နိုင်)၀၀၆၈၇၅]၊ ဒေါ်ဆွေဆွေမြင့် [၁၂/ကမရ(နိုင်)၀၃၉၈၃၆]နှင့် ဦးအောင်ဇော်ထွန်း [၁၂/ကမရ(နိုင်)၀၃၉၈၀၁]တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင် ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်တို့ကို တင်ပြ၍ မိတ္တူလျှောက်ထားခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်၍ ကန့်ကွက်မည့်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ (၃၁-၃-၁၉၉၉)ရက်စွဲဖြင့် ကမရ/သစ်-၅၉/၁၉၉၉ဖြင့် ထုတ်ပေးထားသည့် ဦးခင်ဝင်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ(၀. ၀၈၂)ဧကရှိ မြေကွက်အမှတ်(ပ-၃၁၅)၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်သန်းသန်း[၉/ပဗသ(နိုင်)၀၀၈၆၇၅] အဖအမည်၊ ဦးကိုကြီးမှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြ၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ (၁၆) လမ်း၊ အရှေ့လမ်း၊ အမှတ်(၄၈)၊ မြေညီ (ညာ) အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်ကြည် [၁၂/စခန(နိုင်)၀၁၅၂၇၄]ထံမှ ဦးသူရလွင် [၁၄/ပသန(နိုင်)၁၉၀၆၁၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသူရလွင် [၁၄/ပသန(နိုင်)၁၉၀၆၁၁]**
**ဖုန်း-၀၉-၅၅၀၅၁၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁၀)လမ်း၊ အမှတ်(၁၀၁၈/ခ)တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲတိုက်၏ ၄-လွှာ(ဒါဘာ)၊ အကျယ်အဝန်းပေ(၁၈×၅၁)တိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးနိုင်ဆန်း [၁၂/ကခက(နိုင်)၀၇၃၃၂၀]နှင့် ဒေါ်ဝေဝေဖြိုး [၁၂/ဒဂဆ(နိုင်)၀၀၉၅၆၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာမွေး (စဉ်-၇၁၄၈) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၃/၄၉၊ Strand Condominium၊ အခန်းအမှတ်(၃၇)၊ ပထမထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၈၀၄၈၊ ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၁၄၈၈၄၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ ဦးသန်းညွန့်[၅/ရဥန(နိုင်)၀၀၇၀၉၅]နှင့် ဒေါ်ချိုချို[၅/ရဥန(နိုင်)၀၀၇၅၁၃]တို့၏သား သော်တာမင်းခေါင်သည် မိဘတို့၏ဆိုဆုံးမှုကိုနာခံခြင်းမရှိဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသည့်အတွက် ၎င်းအားဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ မောင်သော်တာမင်းခေါင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဖြစ်ပေါ်လာသည့် ကိစ္စအရပ်ရပ်သည်လည်း မိခင်၊ ဖခင်တို့နှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ချိုချို[၅/ရဥန(နိုင်)၀၀၇၅၁၃]**

## Claim Notice

Singtel Myanmar Pte.Ltd(Myanmar Branch) has been voluntarily wound up by the members on 30th January 2018 under Special Resolutions of the Head Office. The creditors of Singtel Myanmar Pte.Ltd (Myanmar Branch) are requested to submit their claims together with supporting legal documents to the undermentioned liquidator not later than 14th May, 2018.

**Soe Win**
**Liquidator**
**Unit#412, Strand Square, No.53, Strand Road, Pabedan Township, Yangon, Phone:01-2307365**

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

# e-Government လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ကွန်ပျူတာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံး၌ e-Government လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး ကွန်ပျူတာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၈) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်မြို့ရှိ Youth International College Computer Center မှ သင်တန်းနည်းပြ ဦးဟန်မင်းထွန်းက သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိများဖြစ်သည့် ဒေါ်ခင်မာဆင့်နှင့် ဦးစိုင်းဆိုင်တစ်တို့က သင်တန်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းစသည့် ရည်မှန်းချက်တာဝန်များကို အခြေခံပြီး ပြည်သူ့အကျိုးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပြည်ဝင်ဗီဇာများကို နိုင်ငံခြားသားများ ခေတ်စနစ်နှင့်အညီ အဆင်ပြေချောမွေ့စွာ လျှောက်ထားနိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ ဝင်-ထွက် ဂိတ်များတွင် e-Gate များတပ်ဆင်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ Electronic စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစသည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁၁ ရက်အထိ သင်ကြားပေးမည်ဖြစ်ရာ တာချီလိတ်ခရိုင်ရုံးနှင့် မြို့နယ်ရုံးမှ ၁၄ ဦး၊ မိုင်းဖြတ်မြို့နယ်ရုံးမှ သုံးဦး၊ မိုင်းယောင်း မြို့နယ်ရုံးမှ သုံးဦး စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# လာလည်ရန်ဖိတ်ခေါ်ပါ မကွေးရွှေမြို့တော်

မကွေးတိုင်းဒေသကြီးသည် သမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်သော မကွေးမြသလွန် စေတီတော်၊ ကျောင်းတော်ရာဘုရား၊ ရှင်ပင်စက္ကိန်းတဲဘုရား၊ မန်းရွှေစက်တော်ဘုရားများ ရှိသောကြောင့် ဘုရားဖူးပြည်သူများကိုဆွဲဆောင်နေသော တိုင်းမြို့တော် တစ်ခုဖြစ်သည်။

မကွေးမြို့တော်မှာလည်း တိုင်းမြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းများမှာ ကျယ်ဝန်းကောင်းမွန်လျက်ရှိပြီး အညာဒေသ၏ သရုပ်ပြဖြစ်သော လက်ပံပင်၊ ပေါက်ပင်၊ စိန်ပန်းပင်တို့မှ ပန်းပွင့်များဖြင့် လမ်းတစ်လျှောက်ပန်းတင့်လှသည်။ မကွေးမြို့သို့ အလည်လာကြသူများအနေဖြင့် မကွေးမြို့၏ တန်ခိုးကြီးနာမည်ကျော် မြသလွန်ဘုရားကို ဦးစွာဖူးမြော်နိုင်ပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ နားခိုနိုင်ရန် ဘုရားကြီး၏ တည်းခိုဆောင်များတွင်လည်း တည်းခိုနိုင်သည်။ မြသလွန်ကုန်းတော်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ရုပ်ရှင်တော်မြတ် နှီးဘုရားကြီးနှင့် ကံ့ကော်တစ်ထောင် ဘုရားများကိုလည်း ဆက်လက်ဖူးမြော်နိုင်သည်။

မကွေးမြို့မှ ၁၈ မိုင်သာဝေးသည့် မင်းလှမြို့တွင် မြန်မာဘုရင်များ လက်ထက်က တည်ဆောက်ခဲ့သည့် သမိုင်းဝင်မင်းလှခံတပ်ကြီးသို့လည်း သွားရောက်လည်ပတ် လေ့လာနိုင်သေးသည်။ မကွေးမှ မင်းဘူးမြို့သို့ရောက်လျှင် ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်ဘုရားနှင့် အခြားတန်ခိုးကြီးဘုရားများကို ဖူးမြော်နိုင်ပြီး မန်းရွှေစက်တော်ဘုရားသို့ သွားရာလမ်းတစ်လျှောက်တွင် သာယာလှပသောရှုခင်းများကို ကြည့်ရှုခံစားရင်း အမှတ်တရဓာတ်ပုံ ရိုက်နိုင်သည်။ မန်းရွှေစက်တော် ဘုရားကြီးသို့ ရောက်လျှင် ကားရပ်နားကွင်းတွဲဖက်ပါသည့် နမ္မဒါ(၂) တည်းခိုဆောင်မှာ ဝန်ဆောင်မှုကောင်းမွန်သည့်အပြင် စားသောက်ဆိုင်ပါတွဲဖက်ထားသဖြင့် တည်းခိုသူများအတွက် အထူးအဆင်ပြေလှသည်။


ဓာတ်ပုံ-ဇော်ဇော်အောင်(မင်းဘူး)

ရွှေစက်တော်တွင် ညအိပ်၍ စိတ်အေးချမ်းသာစွာ ဘုရားဖူးရင်း ဘုရား၏ ညရှုခင်းများမှာလည်း သဘာဝ ပန်းချီကားတစ်ချပ်ပမာ တွေ့မြင်နိုင်သည်။ နံနက်အရုဏ်တွင် ဘုန်းတော်ကြီးများအား ဆွမ်းလောင်းရသည်မှာလည်း ကြည်နူးစရာ အလွန်ကောင်းလှသည်။ အားပါးတရ ဘုရားဖူးပြီးအပြန်တွင် ဒေသထွက် အစားအစာများဖြစ်သည့် ဝက်မြေဥ၊ စွန်ပလွန်သီး၊ မျှစ်ခြောက်နှင့် အခြား ပစ္စည်းအမျိုးမျိုးတို့ကို အိမ်အပြန် လက်ဆောင်အဖြစ် ဝယ်ယူနိုင်သေးသည်။

ပွင့်လင်းရာသီ ဖြစ်သည်နှင့်အညီ မကွေးတိုင်းဒေသကြီး အတွင်းရှိ တန်ခိုးကြီးဘုရားများမှာ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပန်းဖြေလာသူများဖြင့် အထူးစည်ကားလျက်ရှိပြီး တပေါင်းလပြည့်နှင့်ဆက်၍ ဝန်ထမ်းများမှာလည်း ရုံးပိတ်ရက်လေးရက် ရရှိသောကြောင့် မကွေးရွှေမြို့တော်သို့လာရောက်အပန်းဖြေလည်ပတ်ရန် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများအား ဖိတ်ခေါ်သတင်းစကားပါးလိုက်ရပါကြောင်း။ ။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# ပထမအကြိမ်ကျင်းပသည့် တက္ကသိုလ်ကျောင်းတွင်းသင်္ကြန် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆင်နွှဲ

**မုံရွာ ဖေဖော်ဝါရီ ၂၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် မုံရွာတက္ကသိုလ်၏ ပထမအကြိမ်ကျင်းပသည့် ကျောင်းတွင်းသင်္ကြန်ပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ဝင်းအတွင်းရှိ ဘူမိဗေဒဌာန အဆောင်ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မုံရွာတက္ကသိုလ် ကျောင်းတွင်းသင်္ကြန်ပွဲတော်ကို မုံရွာတက္ကသိုလ်၏ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာသက်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူများက သင်္ကြန်ယိမ်းများဖြင့် ကပြကြပြီး ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေကတော့ မုံရွာတက္ကသိုလ်ရဲ့ ကျောင်းသင်္ကြန်ကို တက္ကသိုလ်ရဲ့ ရှေ့မျက်နှာစာက ကျောက္ကာလမ်းမဘေးမှာပဲ ကျင်းပခွင့်ရခဲ့ပါတယ်၊ ကျောင်းတွင်းမှာတော့ အခုပညာသင်နှစ်မှာ စတင်ကျင်းပခွင့်ရခဲ့တာပါ၊ မြန်မာ့ရိုးရာ သင်္ကြန်ကျတဲ့အချိန်မှာ ကျောင်းတွေက ပိတ်နေပါပြီ၊ အဲဒါကြောင့် တက္ကသိုလ်အနေနဲ့ ကျောင်းတွင်းသင်္ကြန်ကို ကြိုတင်ကျင်းပတာပါ။ မတ်လ တတိယပတ်ထဲမှာတော့ ပထမနှစ်ဝက်စာမေးပွဲတွေ ကျင်းပပြီးတာနဲ့ ကိုယ့်အိမ်ကိုပြန်ရတော့မှာ၊ မပြန်ခင်မှာ သူငယ်ချင်းတွေနှုတ်ဆက်တဲ့အနေနဲ့ ပျော်ပွဲရွှင်ပွဲအဖြစ် ရေကစားကြတာပါ" ဟုကျောင်းတွင်းသင်္ကြန်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မုံရွာတက္ကသိုလ်၏ ကျောင်းသင်္ကြန်ကို ပြီးခဲ့သည့်နှစ်က တက္ကသိုလ်ရှေ့ရှိ ကားလမ်းမဘေးတွင် ကျင်းပခွင့်ရခဲ့ပြီး ယခုပညာသင်နှစ်တွင် ကျောင်းတွင်းသင်္ကြန်အဖြစ် တက္ကသိုလ်ဝင်းအတွင်း ပထမအကြိမ် ကျင်းပခွင့်ရရှိခဲ့ကြောင်းနှင့် အဆိုပါကျောင်းတွင်းသင်္ကြန်ပွဲတော်အား တက္ကသိုလ်ရှိ ဘာသာရပ်ပေါင်းစုံတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ တစ်သောင်းကျော်မှ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ရီခေါဒါရ်မြို့ လျှပ်စစ်ဓာတ်အားလိုင်း အဆင့်တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်

**ရီခေါဒါရ် ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ် ရီခေါဒါရ်မြို့လျှပ်စစ်မီးကြိုးဓာတ်အားလိုင်းများ အဆင့်မြှင့်တင်သွယ်တန်းခြင်းနှင့် ဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်သွယ်တန်းရာတွင် ယခင်အသုံးပြုခဲ့သည့် သုည ဒသမ ၄ KV ဓာတ်အားလိုင်းအား ၁၁ KV ဓာတ်အားလိုင်းများဖြင့်အဆင့်မြှင့်တင်သွယ်တန်းသည့်အပြင် မြို့တွင်းခြောက်နေရာ၌လည်း ထရန်စဖော်မာ ခြောက်လုံး တိုးချဲ့တပ်ဆင်ခြင်းကိုပါ ဆောင်ရွက်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဓာတ်အားလိုင်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းဟာဆိုရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရန်ပုံငွေနဲ့ ဆောင်ရွက်ရတာဖြစ်တယ်။ အရင်အသုံးပြုခဲ့တဲ့ သုည ဒသမ ၄ KV ဓာတ်အားလိုင်းသုံးစွဲခြင်းကနေ အခုလျှပ်စစ်မီးသုံးစွဲသူပိုမိုများပြားလာနဲ့အညီ ဓာတ်အားသုံးစွဲမှုလည်း များပြားလာတော့ ဓာတ်အားလိုင်းပိုမို စိတ်ချရအောင် ၁၁ KV ဓာတ်အားလိုင်းအသုံးပြုပြီး အဆင့်မြှင့်တင်ဆောင်ရွက်တာဖြစ်တယ်။ ဓာတ်အားလိုင်းသာမက ထရန်စဖော်မာတွေတိုးချဲ့တပ်ဆင်ခြင်းကိုပါ စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်သွားမှာပါ။လက်ရှိအခြေအနေအထိဆိုရင် အမှတ် (၁) ရပ်ကွက် တစ်ခုတည်းကိုသာ ဓာတ်အားဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားရင်တော့ အမှတ် (၂) ရပ်ကွက်အပါ တစ်မြို့လုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာ ဖြစ်တယ်။ ဒီလုပ်ငန်းတွေကို တင်ဒါရကုမ္ပဏီများဖြစ်တဲ့ မိုးဇလပ်ဝါကုမ္ပဏီ၊ သာယာဝင်းကုမ္ပဏီနဲ့ ရာဇဝတီကုမ္ပဏီတို့က ဆောင်ရွက်သွားတာ ဖြစ်ပါတယ်" ဟု ရီခေါဒါရ်မြို့ လျှပ်စစ်မှူးဦးဝင်းနိုင်ဦးက ပြောသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို အဆင့်မြှင့်တင်ပေးလျက်ရှိသည့်အတွက် ပြည်သူများဝမ်းသာပီတိဖြစ်နေကြကြောင်း၊ ဌာနအနေဖြင့်လည်း ယခုကဲ့သို့ ဆောင်ရွက်သည့်အခါ အဘက်ဘက်မှ အဆင်ပြေချောမွေ့စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဌာနနှင့်ပြည်သူလူထုကြား ပေါင်းကူးဆက်ဆံပေးသော ဒေသခံများပါဝင်သည့် လျှပ်စစ်ဓာတ်အားကော်မတီကိုလည်း စနစ်တကျဖွဲ့စည်းပါဝင်လုပ်ကိုင်ဆောင်ရွက်ရှိသည်ကို တွေ့ရှိရကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းတွင် အမှတ်(၁)ရပ်ကွက် ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မိုးဇလပ်ဝါ ကုမ္ပဏီကလည်းကောင်း၊ အမှတ်(၂)ရပ်ကွက်တွင် သာယာဝင်းကုမ္ပဏီနှင့် ရာဇဝတီ ကုမ္ပဏီတို့ကလည်းကောင်း ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **ဓိုဟေဆာ**

# ဈေးများတွင် ဆေးဆိုးရောင်းချမှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဈေးများတွင် ငါးဖယ်ခြစ်၊ အမဲစဉ်းကောများဆေးဆိုးပြီး ရောင်းချနေကြောင်း သိရ၍ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်က ဈေးနှင့်သားသတ်ဌာန ဌာနစုမှူး ဦးဇေယျာငြိမ်း ဦးဆောင်သော ဈေးဝန်ထမ်းများက သီရိမာလာဈေး၊ ဈေးချို ၈၅ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ၈၆ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားရှိ သားငါးရောင်းချလျက်ရှိသည့် ဆိုင်များအား ရှောင်တခင် စစ်ဆေးခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ဈေးများတွင်ရောင်းချနေသော အစားအသောက်များ၊ မျှစ်များတွင် အန္တရာယ်ရှိ ဓာတုဆိုးဆေးကင်းစင်ရေး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# လူထုဗဟိုပြုစီမံကိန်းဖြင့်ဆောင်ရွက်ခဲ့သည့် လမ်းနှင့် အားကစားကွင်းဖွင့်ပွဲ ကျင်းပ

**မိုးကောင်း ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း (ဒုတိယနှစ်စက်ဝန်း)များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နမ့်နကျေးရွာအတွင်းဆောင်ရွက်ပြီးစီးသွားသည့် ကျေးရွာတွင်း သဲကျောက်လမ်းခင်းခြင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း ကျောင်းအားကစားကွင်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းအားကစားကွင်းအတွင်း ကျင်းပသည်။

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်နုက ကချင်ပြည်နယ်အတွင်း ကမ္ဘာ့ဘဏ်၏ အထောက်အပံ့နှင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်း သဲကျောက်လမ်းနှင့် အားကစားကွင်း ပြင်ဆင်ဆောင်ရွက်ပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှက "အခုဖွင့်လှစ်တဲ့ ကျေးရွာတွင်းသဲကျောက်လမ်းကတော့ အရှည်ပေ ၆၅၀၀၊ အကျယ် ၁၂ ပေနဲ့ ထုခြောက်လက်မရှိ သဲကျောက်ခင်းလမ်းဖြစ်ပြီး စီမံကိန်းရန်ပုံငွေကျပ် ၂၄၄၅၉၅၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး အားကစားကွင်းပြုပြင်ခြင်း လုပ်ငန်းကိုတော့ အလျား ပေ ၂၀၀၊ အနံ ၁၀ ပေ မြေသားပြုပြင်ခြင်းကို စီမံကိန်းရန်ပုံငွေကျပ် ၁၉၈၆၀၂၅၀ အကုန်အကျခံပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာမှာ ဖေဖော်ဝါရီ ၂၅ ရက်မှာ အပြီးသတ်နိုင်ခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျေးရွာလူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဦးလေးကြီး**

# သမိုင်းဝင်ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၌ တင်လှူပူဇော်မည့် ရွှေထီးတော်အား ရွှေတိဂုံစေတီတွင် နှစ်ရက်တာ အပူဇော်ထားရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
ကျိုက်ထီးဆောင်းဆရာတော်၏ ဆန္ဒတော်နှင့်အညီ ထီးတော် အဆူ (၅၀၁) ပြည့် စေတီ အဖြစ် ဇေကမ္ဘာမိသားစုနှင့် အလှူရှင်များက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်ရှိ သမိုင်းဝင် ရွှေဘုံသာမုနိ စေတီတော်အား ရွှေထီးတော် တင်လှူမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘုံသာမုနိ စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်အား ရွှေတိဂုံစေတီတော်တွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းမှ မတ် ၁ ရက်အထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ ဦးဘရီ တန်ဆောင်းတွင် နှစ်ရက်တာ ရင်ငွေ့တော်လှုံ အပူဇော်ခံထားရှိမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်တွင် ရင်ငွေ့တော်လှုံ အပူဇော်ခံထားရှိမည့် ရွှေထီးတော်အား ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပအား အမှူးထား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်း (ဗဟို) ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေနှင့် ကျိုက်ထီးဆောင်း ငါးသုံးလီမိသားစု၊ ရွှေဘုံသာမုနိဂေါပကအဖွဲ့နှင့် ပန်းတောင်းမြို့နယ်ဒါယကာ၊ ဒါယိကာမများမှ ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်း မှ စတင်ကာ မွန်ပြည်နယ် ကျိုက်ထီးဆောင်းမှ တစ်ဆင့် ရန်ကုန်မြို့သို့ ပင့်ဆောင်လာခြင်းဖြစ်သည်။

ပြည်မြို့ တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်ရှိ သမိုင်းဝင်ရွှေဘုံသာမုနိစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် မတ် ၃ ရက်တွင် ရဟန်း၊ သာမဏေ၊ သီလရှင် အပါး ၁၁၁၁ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း၊ ညနေပိုင်းတွင် ထီးတော် ပထမဘုံ အဆင့်နှင့် ဒုတိယဘုံ အဆင့်အား တင်လှူပူဇော်မည်ဖြစ်ကာ မတ် ၄ ရက် နံနက်ပိုင်းတွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် ဆက်ကပ် တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# ဒီးမော့ဆိုမြို့နယ်တွင် Women Club ဖွဲ့စည်း

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၈**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် Women Club ဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ဌာနအနေဖြင့် Book Club၊ Women Club၊ Youth Club စသော Club သုံးခု ဖွဲ့စည်းဆောင်ရွက်ရန်ရှိပြီး ယခုဖွဲ့စည်းလိုက်သော Women Club သည် အမျိုးသမီး အခွင့်အရေး၊ ဘဝလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ခွင့် အပြည့်အဝရရှိရေးအတွက် ဖွဲ့စည်းခြင်း ဖြစ်ကြောင်း၊ ဆက်လက်၍ Book Club၊ Youth Club များကို ထပ်မံဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Women Club အဖွဲ့ဥက္ကဋ္ဌ Care Myanmar စီမံချက်အရာရှိဒေါ်လူဆီးယားက Women Club ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေနွယ်နီအောင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများနှင့် ကော်မတီဝင်များက ဆောင်ရွက်မည့် အစီအမံများကို အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ် Women Club အနေဖြင့် အမျိုးသမီးများ၏ လူနေမှုဘဝမြင့်မားပြီး အသိပညာဗဟုသုတများ တိုးပွားအောင် ဖော်ဆောင်ပေးရေး၊ အမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်အရေးများ ပြည့်ဝစွာ ရရှိစေရန် ဖော်ဆောင်ပေးရေး၊ ကျား၊ မ တန်းတူ ပါဝင်ခွင့် ရရှိရေး၊ အမျိုးသမီးများအနေဖြင့် စာပေ၊ လူမှုမီဒီယာ၊ ပညာရှာဖွေမှုအခွင့်အလမ်း၊ နိုင်ငံရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ စာရိတ္တ၊ အနာဂတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေအကြောင်း သိကောင်းစရာများကို လေ့လာသိခွင့်ရရှိရေးအတွက် ဖော်ဆောင်ပေးရေးစသော လုပ်ငန်းတာဝန်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



jzL;rdk, twif00aq;½kd;DSq;½kd;ykd;ufD'ufwma':zdk0if;ESif; txm;ul;&m0efuD;m;? ue;rma&;0efkr;rf;m;uazazmf0if&D2&uf 0ifuDu;&mwd;kif , aq;½kd;u;vuf;e;ynfbkm; tm;ue;rma&; apmifh&Suf;ay;c;kif jzL;rdk, ftrSwf(1)rqE´,fwkdif;a'o;uD vWdif;wmfuD;fm;vSmf0iDu;fuf *Rjy;vuf;qmif;ay;tyf p0if
**a|u;rk**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ကျေးရွာဖြစ်သည့် တောင်လည်အုပ်စု အိုးတင်းကုန်းကျေးရွာတွင် စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာ ရွာလယ်လမ်းမကြီး မြေနီခင်းလုပ်ငန်းခွင်တွင် လမ်းကြိတ်စက်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသက်စိုးသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များနှင့်အတူ ယမန်နေ့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# တိုက်ကြီးမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့မရဲစခန်းမှူး ရဲမှူးသန်းဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီက ကျင်းပခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းစိန်နှင့်အဖွဲ့၊ အမျိုးသမီးငယ်များ၊ ရပ်ကွက်နေ ပြည်သူ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

# မြန်မာ့ခေတ်ဆန်းပန်းချီ နှစ်တစ်ရာပြည့်ပွဲတော် အမျိုးသားကဇာတ်ရုံ၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**
ပန်းချီအနုပညာသည် လူသားတစ်ဦးနှင့် တစ်ဦးကြား စိတ်ခံစားမှုကို ဆက်နွှယ်ပေးသည့် ပညာရပ်တစ်ခုဖြစ်ပြီး ဖန်တီးသူအနုပညာရှင်၏ အတွေးအမြင်နှင့် ကျွမ်းကျင်မှု၊ အလှအပနှင့် စိတ်ခံစားမှုစွမ်းအားတို့ အပေါ်မှုတည်ကာ အနုပညာလက်ရာများသည် ထူးခြားသော သွင်ပြင်လက္ခဏာများ ဖြစ်လာကြသည်။ ထိုအနုပညာလက်ရာများသည် နိုင်ငံတစ်နိုင်ငံ၏ အမြင်အာရုံ၊ အကြားအာရုံအဖြစ် သာမက နိုင်ငံ၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် အနုပညာသမိုင်းနှင့် သုခမဖြန့်ဝေမှုအတွက် အဓိကအခန်းကဏ္ဍဖြစ်လာသည်။

မြန်မာနိုင်ငံတွင်လည်း သမိုင်းမတင်မီခေတ်မှ စတင်ကာ ထွန်းတောက်ခဲ့သည့် မြန်မာ့ပန်းချီအနုပညာ လက်ရာများသည် ရှေးဟောင်းယဉ်ကျေးမှုများအဖြစ် ယနေ့တိုင် အခိုင်အမာရပ်တည်နေသည့်အပြင် ၁၉၁၈ ခုနှစ်မှ စတင်ကာ ပေါ်ထွန်းလာခဲ့သည့် မြန်မာ့ခေတ်ဆန်း ပန်းချီအနုပညာသည်လည်း ၂၀၁၈ ခုနှစ် ဖော်ဖော်ဝါရီလတွင် နှစ် ၁၀၀ ခရီးသို့ ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)မှ မြန်မာ့ခေတ်ဆန်း ပန်းချီနှစ် ၁၀၀ ရာပြည့်ပွဲတော်ကို ဖေဖော်ဝါရီ ၂၇ရက်မှ မတ်လ၄ ရက် အထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပသည်။

ပွဲတော်ကို ကျင်းပရခြင်းမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရာတွင် အနုပညာစွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်၊ ပန်းချီပန်းပု ပညာရှင်များစုပေါင်းလက်တွဲ၍ ပညာရှင်များ၏ ဘဝလူနေမှုအဆင့်မြင့်မားပြီး အနုပညာမြောက်လက်ရာများ ပိုမိုဆန်းသစ်စေရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးပြု လက်ရာမွန်များ ထုတ်ဖော်ထိန်းသိမ်းပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပန်းဆယ်မျိုး ပညာရပ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်၊ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှု ဂုဏ်သိက္ခာများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိပါ အထူးထင်ရှားပေါ်လွင်စေမည့် ပွဲတော်တစ်ခု ဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်သည်ဟု သိရသည်။

ယင်းကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်းမှ ပန်းချီ၊ ပန်းပု ပညာရှင်များ စုပေါင်းပါဝင်ခဲ့ကြပြီး ပွဲတော်ကြီးတွင် ၎င်းတို့၏ ရေဆေး၊ ဆီဆေး၊ အက်ခရိုင်လစ်၊ ခဲပန်းချီ အစရှိသည့် ပန်းချီကား ၁၀၀၀ ကျော်ကို လာရောက်ပြသခဲ့ကြသည်။ ကွယ်လွန်သူ ပန်းချီပညာရှင်ကြီးများ၏ အနုပညာ ဖန်တီးမှုလက်ရာများ၊ ကမ္ဘာ့အဆင့်အတန်းမီ ပညာရှင်ကြီးများ၏ ဖန်တီးမှုလက်ရာများ၊ နိုင်ငံကျော် ပန်းချီ၊ ပန်းပု ပညာရှင်များ၏ ဖန်တီးမှုလက်ရာများ၊ မျိုးဆက်သစ် ဝါသနာရှင်များ၏ ဖန်တီးမှုလက်ရာများ စသဖြင့် စုံလင်စွာ ပါဝင်သည်။ ယင်းပြင် အခြားခေတ်ပြိုင် အနုပညာရှင်များ၏ အနုပညာဖျော်ဖြေတင်ဆက်မှုများ၊ နိုင်ငံကျော် ပန်းချီပညာရှင်ကြီးများ၏ ဖြတ်သန်းခဲ့မှု ဘဝအတွေ့အကြုံများ၊ ပန်းချီလက်ရာများ ပြသခြင်းများနှင့် အတူ ဟောပြောပွဲ အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

မြန်မာ့ပန်းချီနိဒါန်းအစကို ဆိုရလျှင် ရှေးဟောင်းကျောက်ခေတ်ဂူနေလူတို့ ရေးဆွဲ မှတ်တမ်းတင်ခဲ့သော ပန်းချီ လက်ရာများကို ရှာဖွေတွေ့ရှိခဲ့ပြီး မြန်မာပန်းချီ ခရီးစဉ်ကို ခေတ် ခြောက်ခေတ်ဖြင့် ခွဲခြားသတ်မှတ်ခဲ့ကြသည်။ သမိုင်းမတင်မီနှင့် ပျူခေတ်၊ ပုဂံခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံ မန္တလေးခေတ်နှင့် ၂၀ ရာစုနှစ် မြန်မာ့ပန်းချီခရီးတို့ ဖြစ်သည်။

၂၀ ရာစုနှစ် မြန်မာ့ပန်းချီရေစီးကြောင်းကမူ ၂၀ ရာစု မြန်မာ့ပန်းချီစတင်ဖွံ့ဖြိုးပြောင်းလဲမှုနှင့် တစ်ဆက်တည်း ဖြစ်သည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က ၁၈၂၆ ခုနှစ်တွင် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး မြန်မာပြည်အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့ကို သိမ်းယူပြီးချိန်မှစ၍ ဥရောပသားတို့နှင့် မြန်မာတို့ ဆက်ဆံမှုများရှိလာကာ ဥရောပ ပန်းချီရေးဆွဲနည်းစနစ်များသည် မြန်မာ့ပန်းချီလောကအတွင်းသို့ တဖြည်းဖြည်း စိမ့်ဝင်လာခဲ့သည်။ ထိုမှ မြန်မာ့ခေတ်ဆန်းပန်းချီလောက စတင်အသက်ဝင်လာခဲ့သည်။

မြန်မာ့ပန်းချီလောကတွင် ဥရောပပန်းချီရေးဆွဲနည်းစနစ်ကို မျိုးစေ့ချမြေတောင်မြှောက်ပေးသူများမှာ မြန်မာပြည်ပန်းချီအသင်း (Burma Art Club) ဥက္ကဋ္ဌ လက်ထောက်မီးရထားမင်းကြီး မစ္စတာမာတင်ဂျုံးနှင့် တည်ထောင်သူများဖြစ်သည့် ရန်ကုန်ကောလိပ်မှ ပါမောက္ခ အီး၊ အင်၊ ဝပ်၊ မော်လမြိုင်မြို့ စိန့်မက်သယူး ကျောင်းအုပ်ကြီး မစ္စတာ အီး၊ ဂျီ အက်ကင့်(ခ်)နှင့် ပန်းချီမိခင် မင်းကြီးကတော် ဒေါ်မြမေတို့ ဖြစ်ကြသည်။

၁၉၁၈ ခုနှစ်တွင် ဘိလပ်ပြန် မြန်မာ့ဂုဏ်ဆောင် ပန်းချီဆရာကြီးများဖြစ်သော ဦးဘညာဏ်နှင့် ဦးဘဇော်၊ ဦးသာထွန်းတို့၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတို့ကြောင့် မြန်မာပန်းချီ၊ပန်းပုကောင်စီကို စတင်တည်ထောင်နိုင်ခဲ့သည်။ ထိုကဲ့သို့ တည်ထောင်ခဲ့သည်မှ နှစ် ၁၀၀ ပြည့်သည်အထိ မြန်မာ့ပန်းချီ၊ ပန်းပု အနုပညာရေစီးကြောင်းသည် ပြန်လည်ဆန်းသစ်တီထွင်မှုများစွာဖြင့် လက်ဆင့်ကမ်း ဖွံ့ဖြိုးတိုးတက်ကာ အနုသုခမလက်ရာများသည် နိုင်ငံတကာ ရပ်ဝန်းတွင် ယနေ့တိုင် သိက္ခာရှိစွာ ထိုးဖောက်ရပ်တည်နေဆဲ ဖြစ်သည်။

**ခင်ဇာလီ**



"wfcbciRmf0if;ESif;(aus;rjd)

# သျှရီဒေဝီ ရေနစ်သေဆုံးခြင်းဖြစ်




ဘောလိဝုဒ်ရုပ်ရှင်လောကရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ သျှရီဒေဝီဟာ ပြီးခဲ့တဲ့ စနေနေ့က ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ သူသေဆုံးခဲ့ရတဲ့အကြောင်းအရင်းကို ကနဦးထွက်ပေါ်လာခဲ့တဲ့ သတင်းတွေမှာ နှလုံးရောဂါကြောင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့တာတွေ့ရပါတယ်။ နောက်ပိုင်းစုံစမ်းစစ်ဆေးမှုတွေပြုခဲ့ကြပြီးတဲ့နောက် ဒူဘိုင်းရဲတွေရဲ့ လတ်တလော ထုတ်ဖော်ပြောကြားချက်အရ မင်းသမီးဟာ သတိလစ်သွားခဲ့ရာမှ ဟိုတယ်ရေချိုးခန်းမှာရှိတဲ့ ရေချိုးဇလုံအတွင်း ရေနစ်ခဲ့ပြီး ကွယ်လွန်ခဲ့ရခြင်းဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂလာနေ့မှာတော့ ဒူဘိုင်းဒေသခံရဲတွေရဲ့ ပြောကြားချက်အရ သျှရီဒေဝီဟာ သူတည်းခိုရာ ဟိုတယ်က ရေချိုးဇလုံအတွင်း ရေနစ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ သျှရီဒေဝီ ကွယ်လွန်ခြင်းနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဒူဘိုင်းရဲဌာနရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဘောလိဝုဒ်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်ခဲ့တဲ့ သျှရီဒေဝီဟာ ပြီးခဲ့တဲ့စနေနေ့က ကွယ်လွန်သွားခဲ့တာဖြစ်ပြီး သျှရီဒေဝီဟာ ကွယ်လွန်ချိန်မှာတော့ အသက်(၅၄)နှစ်အရွယ်သာ ရှိသေးပါတယ်။ သူဟာ အာရပ်စော်ဘွားများပြည်ထောင်စုမှာ ရုတ်တရက်နှလုံးရပ်တာကြောင့် သေဆုံးသွားခဲ့တာဖြစ်ကြောင်း သူ့ရဲ့ဝမ်းကွဲမောင်တော်စပ်သူက အိန္ဒိယသတင်းဌာနကို ဦးစွာအတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ သျှရီဒေဝီရဲ့ မောင်ဖြစ်သူပြောကြားချက်အရ မင်းသမီးဟာ သူ့ရဲ့မိသားစုဝင်တွေနဲ့အတူ အာရပ်စော်ဘွားများပြည်ထောင်စုကို မင်္ဂလာအခမ်းအနားတက်ရောက်ဖို့ရာ ရောက်ရှိနေတာဖြစ်ပြီး သူနဲ့အတူ ခင်ပွန်းဖြစ်သူ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဘွန်နီကပူးလ်နဲ့ သမီးဖြစ်သူတို့လည်း အတူလိုက်ပါလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

သျှရီဒေဝီကပူးလ်လို့အမည်ရပေမယ့် သျှရီဒေဝီလို့သာ လူသိများတဲ့ မင်းသမီးကြီးဟာ အိန္ဒိယရဲ့ ဟိန္ဒူရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမပြုမီက တမီး၊ တယ်လူဂူ၊ မာလေယာလမ်၊ ကောနက်စတဲ့ ဒေသတွင်းရုပ်ရှင်လေးတွေမှာ ပါဝင်ခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေကြောင့် ဟိန္ဒူရုပ်ရှင်ကားကြီးတွေမှာ ပါဝင်ခွင့်ရလာခဲ့ပြီး အောင်မြင်တဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့တာပါ။ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် အောင်မြင်တဲ့ ရုပ်ရှင်ကားပေါင်းများစွာကို ရိုက်ကူးခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆု ၁၀ ဆု အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံခဲ့ရကာ အဲဒီထဲကမှ ငါးဆုကိုတော့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ ထူးချွန်သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။

# တိတ်တဆိတ်စစ်မှုထမ်းလိုပေမယ့် ပရိသတ်တွေက G-Dragon ကို လာရောက်နှုတ်ဆက်

တောင်ကိုရီးယား အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BIG BANG”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragon ဟာ စစ်မှုထမ်းရက်တွေမှာ ပရိသတ်တွေကို တွေ့ဆုံနှုတ်ဆက်တာမျိုး ပြုလုပ်သွားမှာမဟုတ်ဘဲ တိတ်တဆိတ်တာဝန်ထမ်းလိုတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် သူ့ရဲ့ စစ်မှုစတင်ထမ်းဆောင်မယ့်နေ့မှာတော့ ပရိသတ်ရာနဲ့ချီကာ လာရောက်နှုတ်ဆက်ခဲ့တာကိုလည်း တွေ့ခဲ့ရကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၇ ရက်မှာတော့ G-Dragon ဟာ ယခင်ထုတ်ဖော်အသိပေးခဲ့ပြီးဖြစ်တဲ့အတိုင်း စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့မှာတော့ ဒေသတွင်းမှာရှိတဲ့ သူ့ရဲ့ ပရိသတ်တွေသာမက အာရှနိုင်ငံတွေက ပရိသတ် ရာပေါင်းများစွာဟာ G-Dragon စစ်မှုစတင်ထမ်းဆောင်သွားမယ့် ဂန်းဝန်ဒိုမှာရှိတဲ့ လေ့ကျင့်ရေးစင်တာရှေ့ကို လာရောက်စုဝေးခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ အထူးကျင်းပသွားမယ့် နှုတ်ဆက်ပွဲ ပြင်ဆင်ထားတာမရှိပေမယ့်လည်း ပရိသတ်တွေကတော့ G-Dragonကို လက်ပြနှုတ်ဆက်ဖို့ရာ လာရောက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒီလို လာရောက်စောင့်ဆိုင်းခဲ့ကြသူတွေထဲမှာ မီဒီယာတွေလည်း ပါဝင်နေတာကို တွေ့ရပါတယ်။

လေ့ကျင့်ရေးသင်တန်းကျောင်းကို ရောက်ရှိလာတဲ့ G-Dragon ဟာ တစ်ကိုယ်လုံးမှာ အနက်ရောင် အဝတ်အစားတွေကို ဝတ်ဆင်ထားတာကို တွေ့ရပါတယ်။ ဦးထုပ်နဲ့ နှာခေါင်းစည်းတွေဟာလည်း အနက်ရောင်တွေသာဖြစ်တာတွေ့ရပါတယ်။ လာရောက်စောင့်ဆိုင်းနေတဲ့ ပရိသတ်တွေကိုတော့ ပေ့ါပ်ကြယ်ပွင့်ကာ အရိုအသေပေးကာ နှုတ်ဆက်ခဲ့ပြီး သင်တန်းကျောင်းအတွင်း ဝင်ရောက်သွားခဲ့ကြောင်းလည်း သိရပါတယ်။


စစ်မှုမထမ်းမီမှာ G-Dragonဟာ ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်ခဲ့ခြင်းမရှိပေမယ့် အဖွဲ့ဝင်တွေနဲ့တော့ တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှာတော့ G-Dragon က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ အဖွဲ့ဝင်တွေ တွေ့ဆုံစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ပါတယ်။ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာတော့ “BIG BANG” လို့ စာတန်းရေးထိုးထားတဲ့ ကိတ်နဲ့အတူ အဖွဲ့လိုက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို တွေ့ရပါတယ်။ ဒီလိုတွေ့ဆုံပွဲက ပုံရိပ်ကို ပေ့ါပ်ကြယ်ပွင့်က လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ရာမှာတော့ “BIG BANG” ပရိသတ်တွေက ပြန်လည်မျှဝေဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

G-Dragon ဟာ ဖေဖော်ဝါရီ ၂၇ ရက်မှာ စစ်မှုထမ်းဆောင်ခဲ့တာဖြစ်ပြီး အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယန်ကတော့ မတ် ၁၂ ရက်မှာ စစ်မှုထမ်းရက်တွေကို စတင်မှာဖြစ်ကြောင်း အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအနက် ပထမဆုံးစစ်မှုထမ်းဆောင်ခဲ့တာကတော့ T. O. P ဖြစ်ပြီး လက်ရှိမှာ သူဟာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ အဖွဲ့ဝင်ငါးဦးအနက် သုံးဦးဟာ ယခုနှစ်အတွင်း စစ်မှုထမ်းဆောင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေအနေနဲ့ “BIG BANG”ရဲ့ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ဒီနှစ်တွေအတွင်းမှာတော့ တွေ့မြင်ရဦးမှာ မဟုတ်ပါဘူး။



အေးပြည့် - ရေးသားသည်

# လူ့အရေပြားကဲ့သို့ ထိတွေ့မှုအာရုံခံစားနိုင်ပြီး ထိခိုက်မှုရှိပါက အလိုအလျောက် ပြန်လည်ကုစားနိုင်သည့် Electronic Skin တစ်မျိုး အမေရိကန်သိပ္ပံပညာရှင်များတီထွင်



အမေရိကန်နိုင်ငံ Colorado Boulder တက္ကသိုလ်မှသိပ္ပံပညာရှင်အဖွဲ့သည် လူသားအရေပြားကဲ့သို့ ထိတွေ့မှုအာရုံခံနိုင်ပြီး ထိခိုက်ဒဏ်ရာရသည့်အခါ အလိုအလျောက် ပြန်လည်ပြုပြင်ပေးနိုင်သော Electronic Skin တစ်မျိုးကို ဖန်တီးတီထွင်နိုင်ခဲ့ပြီဟု သိရသည် ။ ယခင်ကလည်း ယခင်ကဲ့သို့ e-Skin အမျိုးမျိုးကို ပညာရှင်များဖန်တီးခဲ့ကြသော်လည်း Recycle ပြုလုပ်နိုင်ခြင်းမရှိဘဲ ယခု ဖန်တီးလိုက်သည့် e-Skin သည် Recycle ပြုလုပ်နိုင်စွမ်းလည်း ပါဝင်လာပြီဖြစ်သည်။ လွန်ခဲ့သည့်နှစ်များစွာမှ ယနေ့ကာလအထိ လူသားတို့အသုံးပြုလျက်ရှိသော အီလက်ထရွန်နစ်ပစ္စည်းများစွာမှာ ပျက်စီးသွားလျှင် ပြန်လည်အသုံးပြုရန်နှင့် စွန့်ပစ်ရန် အခက်အခဲများရှိပြီး အချို့သော အီလက်ထရွန်နစ် ပစ္စည်းများမှာ ဓာတုပစ္စည်းများပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအတွက် ဆိုးကျိုးများရှိနေနိုင် သည်ဟုသိရသည်။

ယခုဖန်တီးလိုက်သော e-Skin သည် အလိုအလျောက်ပြုပြင်နိုင်ပြီး ပြန်လည်အသုံးပြု၍ရသောကြောင့် အနာဂတ်ကာလတွင် အီလက်ထရွန်နစ်ပစ္စည်းများ ပျက်စီးမှုနှင့် စွန့်ပစ်မှုအခက်အခဲများကို ဖြေရှင်းပေးသွားနိုင်မည်ဟုသိရသည်။ အဆိုပါ e-Skin သည် လူ့အရေပြားကဲ့သို့ ထိခိုက်ဒဏ်ရာများရရှိပါက အဆိုပါနေရာအားဆေးထည့်ပေးပြီး အလိုအလျောက်ပြန်လည်ကုစားနိုင်ကာ အပူချိန်၊ လေထုဖိအားနှင့် စိုထိုင်းမှုစသည့် အာရုံခံစနစ်များလည်း ပါဝင်သည်ဟု သိရသည်။

အဆိုပါ e-Skin မှာ သုံးမရသည့်တိုင်ပျက်စီးသွားမည်ဆိုလျှင်လည်း သီးသန့်တီထွင်ထားသော Recycle Solution ထဲတွင် စိမ်ထား၍ Nano ငွေအမှုန်များအဖြစ် အရည်ပျော်အနည်ထိုင်စေပြီး နောက်ထပ်တစ်ဖန် e-Skin အသစ်တစ်ခု ပြန်လည်ဖန်တီးနိုင်မည်ဖြစ်သောကြောင့် စွန့်ပစ်စရာမလိုဘဲ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်ဟု Colorado Boulder တက္ကသိုလ်မှ လက်ထောက်ပါမောက္ခ Jianliang Xiao ကဆိုသည်။ ယခုဖန်တီးထားသည့် e-Skin သည် ပြီးပြည့်စုံမှုမရှိသေးသော်လည်း ပြန်လည်အသုံးပြုနိုင်သည့်အားသာချက်ကပင် ကောင်းမွန်သည့်တီထွင်မှုတစ်ခုဖြစ်လာနိုင်ပြီး အနာဂတ်တွင် အဆိုပါ e-Skin အားအသုံးပြုကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချသွားနိုင်ရန် မျှော်လင့်ထားပြီး အကောင်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးစားသွားမည်ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

ယခုအခါ အဆိုပါ e-Skin သည် လူ့အရေပြားကဲ့သို့ ပြန်လည်ကုစားနိုင်သော်လည်း ဆန့်နိုင်ကျုံ့နိုင်သည့်အခြေအနေမျိုးမရှိသေးဘဲ ထပ်မံကြိုးစားပြီး အောင်မြင်မှုရပါက လူခန္ဓာကိုယ်အစိတ်အပိုင်းအတုများနှင့် စက်ရုပ်များအပါအဝင် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများတွင် တပ်ဆင်အသုံးပြုနိုင်ရန် အရွယ်အစားမျိုးစုံ ထုတ်လုပ်သွားမည်ဟုသိရသည်။

ALEX

# သေးငယ်ပြီး သိုလှောင်သိမ်းဆည်းမှု ပမာဏအများဆုံး SSD ကို Samsung မိတ်ဆက်



30.72 TB ပါဝင်ပြီး ၂ ဒသမ ၅ လက်မအရွယ်သာရှိ သော သိုလှောင်သိမ်းဆည်းမှုပမာဏအများဆုံးပါဝင်သည့် SSD ကို Samsung မှ ယခင်တစ်ပတ်က မိတ်ဆက်ပေးခဲ့သည် ။ PM1643 ဟု အမည်ရသော အဆိုပါ SSD ကို အရွယ်အစားကြီးမားပြီး သိုလှောင်သိမ်းဆည်းမှုပမာဏများသည့် SSD များအသုံးပြုနေရသည့် မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများတွင် အစားထိုးအသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားသည်ဟုသိရသည်။

သာမန် SATA SSD များထက် လေးဆခန့်ပိုမိုမြန်ဆန်လာနိုင်ပြီး မကြာသေးမီနှစ်များက Seagate လုပ်ငန်းမှလည်း 60TB ပမာဏပါဝင်သော SSD ကို ပြသမိတ်ဆက်ပေးခဲ့သော်လည်း လက်ရှိအချိန်အထိ ဈေးကွက်အတွင်းထုတ်လုပ်ရောင်းချနိုင်ခြင်းမရှိသေးဟု သိရသည်။ PM1643 ကို မကြာမီဈေးကွက်အတွင်း ဖြန့်ချိရန်ထုတ်လုပ်လျက်ရှိနေပြီး ၎င်းအပြင် အခြားသိုလှောင်သိမ်းဆည်းမှုပမာဏအမျိုးမျိုးပါဝင်သော လုပ်ငန်းသုံး SSD များကို Samsung မှ ထုတ်လုပ် ရောင်းချသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ယခုကဲ့သို့ PM1643 SSD ကို မိတ်ဆက်ပေးနိုင်ခဲ့ခြင်းမှာ လုပ်ငန်းသုံး SSD များ ထုတ်လုပ်မှုနယ်ပယ်တွင် နောက်ထပ် တစ်ကြိမ်အောင်မြင်မှုထပ်မံရရှိလာခြင်းဖြစ်ပြီး ထပ်မံ၍ပိုမိုများပြားသည့်ပမာဏပါဝင်သော SSD များကို ထုတ်လုပ်သွားရန် ကြိုးစားသွားမည်ဟု Samsung PM1643 SSD မိတ်ဆက်ပွဲအခမ်းအနားတွင် Jaesoo Han က ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် မတ်လက 15.36TB ပမာဏပါဝင်သော SSD ကို Samsung မှ မိတ်ဆက်ပေးခဲ့ပြီး ယခုထပ်မံ မိတ်ဆက်လိုက်သော PM1643 သည် အဆိုပါ SSD ၏ မျိုးဆက်သစ်မော်ဒယ်ဖြစ်ပြီး ၎င်းထက်နှစ်ဆ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ PM1643 သည် HD ရုပ်ရှင်ဇာတ်ကားပေါင်း ၅၇၀၀ ကျော်ပမာဏကို သိုလှောင် သိမ်းဆည်းထားနိုင်စွမ်းရှိပြီး ရောင်းချမည့်နေ့ရက်နှင့် ဈေးနှုန်းများကို အသေးစိတ်ထုတ်ပြန်ကြေညာခြင်းမရှိသေးဘဲ ၂၀၁၆ ခုနှစ်က ထုတ်လုပ်ခဲ့သော 15.36TB SSD ကို အမေရိကန်ဒေါ်လာ တစ်သောင်းဝန်းကျင်ဖြင့် ရောင်းချခဲ့သည်။

ALEX




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## တောင်တွင်းနယ်ဖွား ရဟန်းစာဆိုများ

အနွေးသခင် စုစည်းပူဇော်သည့် တောင်တွင်းနယ်ဖွား ရဟန်းစာဆိုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တောင်တွင်းကြီးမြို့နယ်မှ ခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့သော ရဟန်းစာဆို ၁၁ ပါးတို့၏ထေရုပ္ပတ္တိများနှင့် ထိုဆရာတော်များ၏ ကျမ်းစာများ၊ ဟောစဉ်တရားတော်များကို ရေးသားပူဇော်ထားသည်။ ရှင်ဥတ္တမကျော်၊ သျှင်ဥတ္တမကျော်၏ ဆယ်နှစ်ရာသီ တောလားရတုကိုပုဒ်၊ ရှင်အုန်းညို၊ ဂါထာခြောက်ဆယ်ပျို့၊ ရှင်မဟာသီလဝံသနှင့် ရှင်မဟာသီလဝံသဆုံးမစာ၊ ရှင်ခေမာ၊ ခင်ကြီးဖျော် ထေရုပ္ပတ္တိ၊ တောင်တွင်းမင်းကျောင်းဆရာတော်၊ ကန်တော်မင်းကျောင်းမေတ္တာစာအဖြေ စသည့်အကြောင်းအရာများအပြင် ခန္ဓာကိုယ်ဆိုတာဟာလည်း စိတ်မချရသည့် သုညတွေပါ၊ မသေခင်ဟုတ်တုတ်တုတ် သေလျှင်ပုပ်တုတ်တုတ်ဆိုသည့်အတိုင်း မသေခင်မှာဒါနကောင်းမှုတွေပြုဖြစ်အောင်၊ သီလကောင်းမှုတွေဆောက်တည်ဖြစ်အောင်၊ သမထဘာဝနာ၊ ဝိပဿနာတွေပွားများအားထုတ်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။

မေတ္တာဖြင့် အနွေးသခင်၊ (ခေတ္တ) သာသနာ့ညဏ်ရောင်ကျောင်းတိုက်၊ ချင်းသပြေပင်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်။





## ကံပြင်ပညာ ရွှေယတြာ

ကံကြမ္မာသည် လှည်းဘီးပမာဖြစ်ကြောင်း အမည်းရောင်အခြမ်းနှင့် အဖြူရောင် အခြမ်းဟူ၍ အဆိုးကာလနှင့် အကောင်းကာလအကြောင်းကို စာရေးဆရာ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ကံပြင်ပညာ ရွှေယတြာ စာအုပ်ထွက်ရှိလာသည်။

လူ့ဘဝတွင် ကံကြမ္မာ၏ဖန်တီးမှုကြောင့် အကောင်းနှင့်အဆိုး ဒွန်တွဲကာဖြစ်ပေါ်နေကို လှည်းဘီးနှင့် ပမာခိုင်းနှိုင်းထားခြင်းသည် လှည်းဘီးသည် အလယ်ဗဟိုမှနေ၍ ၁၈၀ဒီဂရီ မျဉ်းဖြောင့်ဆွဲကာ တစ်ခြမ်းစီပိုင်းခြားကြည့်သော် တစ်ခြမ်းသည်အမည်းရောင်၊ တစ်ခြမ်းသည်အဖြူရောင်၊ အမည်းရောင်အခြမ်းသည် အဆိုးကာလကိုရည်ညွှန်းပြီး အဖြူရောင်အခြမ်းသည် အကောင်းကာလကို ရည်ညွှန်းသည်။ အမည်းရောင်ဘက်အခြမ်းစိုးမိုးသည့်ကာလတွင် နာကျင်မှုကိုဖြစ်ပေါ်စေကြောင့် အဆိုးနှင့် အကောင်း အကြောင်းကိုဒွန်တွဲတည်ရှိနေကြောင်း အဆိုပါ စာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ် - ၁၇၈/ဘီ၊ ၄ - လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ဖြင့် ဖြန့်ချိသည်။

## နာဂဒေသ ခရီးသည်





သွားလာရန်ခက်ခဲသော နာဂဒေသ၏ အကြောင်းအရာများကို လေ့လာသိရှိနိုင်စေရန် စာရေးဆရာ စောလှချစ် S.S.T(Tourism) စီစဉ်ရေးသားသည့် နာဂဒေသခရီးသည် စာအုပ်ထွက်ရှိလာသည်။

နာဂဒေသသည် မြန်မာနိုင်ငံ၏အနောက်မြောက်ဘက်တွင်တည်ရှိပြီး အလွန်မြင့်မားသော စာရာမေတိတောင် အမြင့်ပေ ၁၂၅၅၃ပေ ရှိသည်။ ဘာသာစကားအနေဖြင့် ခက်ခဲသော်လည်း တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် တစ်ဦးပေါ်တစ်ဦး မေတ္တာတရားကြီးမားစွာ ထားရှိမှုကို တွေ့ရှိရမည်ဖြစ်သည်။ ထိုဒေသသည် သာယာလှပသော တောတောင်ရေမြေ သဘာဝအလှအပများနှင့်နာဂလူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ နေထိုင်စားသောက်မှုများကို တွေ့ရှိရမည်ဖြစ်သည်။ ထိုဒေသတွင်စီးဆင်းနေသော ချင်းတွင်းမြစ်ကို တစ်ခြမ်းနီ၊ တစ်ခြမ်းစိမ်း မြင်တွေ့ရသည့် ဥရုချောင်းနှင့် ချင်းတွင်းမြစ်ဆုံရာတွင်တည်သည်။ နာဂဒေသသို့သွားရောက်လေ့လာမည်ဆိုပါက အဆိုပါစာအုပ်သည် ဖတ်ရှုလေ့လာသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စောလှချစ် S.S.T(Tourism)၊ အမှတ် - S-6၊ဒုတိယထပ်၊ City Martအပေါ်ထပ်၊ အောင်ဆန်းအားကစားကွင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန် - ၀၁ ၂၅၅၅၃၆နှင့် ၀၉ ၅၄၀၁၆၁၇တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။


## အိုင်ကျူပဟေဠိ နှစ်ရာ




စာရေးဆရာမြင့်ဇင်ညွန့်စီစဉ်ရေးသားသည့် အိုင်ကျူပဟေဠိနှစ်ရာစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုစ္ဆာတိုင်းတွင် စဉ်းစားပုံ စဉ်းစားနည်းနှင့် တွက်နည်းနှင့် အဖြေများကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြထားသောကြောင့် စာဖတ်သူအနေဖြင့် စဉ်းစားနည်းကိုဖတ်ကြည့်ပြီး အဖြေကိုစဉ်းစား၍ တွက်ကြည့်နိုင်သလို တွက်နည်းနှင့် အဖြေကို ဆက်လက်ဖတ်ရှုနိုင်စေရန် စီစဉ်ထားသည်။ ပုစ္ဆာမများကိုဖြေရှင်း၍ အဖြေရှာခြင်းအားဖြင့် စိတ်ပျော်ရွှင်မှု၊ တွေးခေါ်ဆုံးဖြတ်နိုင်မှု၊ သင်္ချာစွမ်းရည်ထက်မြက်မှုတိုးတက်မြင့်မားနိုင်မည်ဖြစ်သောကြောင့် ကျောင်း တွင်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၊ သင်္ချာပညာကို စိတ်ဝင်စားသူများ၊ အထူးသဖြင့် IQ Test ဖြေဆိုမည့်သူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁)ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် - H၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## အခြေခံအသုံးနှင့် အထူးဖန်တီးမှုများ Adobe Indesign

လုပ်ငန်းခွင်သို့လွယ်ကူစွာ ဝင်ရောက်နိုင်စေရန် စာရေးသူ သန်းထိုက် (ရွှေရိပ်) စီစဉ်ရေးသားသည့် အခြေခံအသုံးနှင့် အထူးဖန်တီးမှုများ Adobe Indesign စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခြေခံမှစတင်လေ့လာလိုသူများကို Indesignဆိုသည်မှာ ယခင်သုံးခဲ့သည့် Pagemaker ထက်သာလွန်အောင်ဖန်တီးထားပြီး Pagemaker ဆိုတာ DTP လို့ခေါ်သည့် Desktop Publication တွေမှာသင်ယူခဲ့ကြရသည်။ စာဖတ်သူ Indesignနဲ့ အခြားသောတွဲဖက်၍ Appတွေနှစ်ခုလောက်တတ်မြောက်ထားလျှင် Layout သမား၊ DTPသမားအဖြစ် လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်မည်ဖြစ်သည်။ အခြေခံမှစတင် လေ့လာစရာများ၊ တည်ထားပုံနှင့် ပါဝင်မှုများ လေ့လာခြင်း၊ စတင်အသုံးပြုခြင်း၊ အတိုင်းအတာယူနစ်ပြင်ဆင်ခြင်း၊ Toolsများရဲ့လုပ်ငန်းခွင်စသည့် အခန်းကဏ္ဍများအလိုက် ဖော်ပြထားသဖြင့် ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် အထူးသင့်လျော်သော စာအုပ်တစ်အုပ် ဖြစ်သည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## ၂၀၁၈ ဉာဏ်စမ်းများ

အပျင်းလည်းပြေပြီး သင်္ချာဉာဏ်တိုပွားစေလိုသောရည်ရွယ်ချက်ဖြင့် စာရေးဆရာ ဒေါက်တာခင်မောင်ဝင်းစီစဉ်ရေးသားသည့် ၂၀၁၈ ဉာဏ်စမ်းများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ပါဝင်သော ဉာဏ်စမ်းအချို့သည် ပညာရေးဆိုင်ရာအပတ်စဉ် ဂျာနယ်ထဲတွင်ပါဝင်သော ပုစ္ဆာများဖြစ်သလို မပါဖူးသေးသော ပုစ္ဆာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ပုစ္ဆာတိုင်းတွင် စဉ်းစားပုံ စဉ်းစားနည်းနှင့် တွက်နည်း၊ အဖြေများကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြထားသောကြောင့် စာဖတ်သူအနေဖြင့် စဉ်းစားနည်းကိုဖတ်ကြည့်ပြီး အဖြေကိုစဉ်းစား၍ တွက်ကြည့်နိုင်သလို တွက်နည်းနှင့် အဖြေကို ဆက်လက် ဖတ်ရှုနိုင်စေရန်စီစဉ်ထားသည်။ ပုစ္ဆာများအနေဖြင့် ဂဏန်းသင်္ချာ၊ အက္ခရာ၊ ဂျီဩမေထရီနှင့် ကိုဩဒိနိတ်ဂျီဩမေထရီဟူ၍ ပါဝင်ပြီးအချို့ပုစ္ဆာများတွင် ဂဏန်းသင်္ချာနှင့် အက္ခရာသင်္ချာနည်းတို့ဖြင့် နှစ်မျိုးစဉ်းစားနိုင်စေရန် စီစဉ်ထားသောကြောင့် သင်္ချာဉာဏ်စမ်းဖြေဆိုလိုသူများအတွက်ရည်ရွယ်၍ ထုတ်ဝေထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁)ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် - H၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ချစ်သူ၊ အိမ်ထောင်ဖက်များဆိုင်ရာဥပဒေ




စာရေးဆရာဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ချစ်သူ၊ အိမ်ထောင်ဖက်များဆိုင်ရာဥပဒေစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ချစ်သူနှင့်ထွက်ပြေးပြီး မိဘအိမ်တွင်နေလျှင် မိဘများကသဘောတူပါသလားဟုမေးလာလျှင် မိန်းကလေးတစ်ယောက်သည် မိမိချစ်သူနှင့် ထွက်ပြေးပြီးနောက် မိဘများ၏အိမ်မှာပင် ချစ်သူနှင့်အတူနေထိုင်စားသောက်ဖူးသည်။ မိဘများက သမီးနှင့်သမက်အပေါ် ထိုအပြုအမူကိုသဘောတူညီချက်ပေးသည်ဟု ယူဆရသည်ဖြစ်ရာ ထိမ်းမြားမှုသည် တရားဝင်သည်။ အသက် (၁၇) နှစ်အရွယ် မိန်းကလေးကို ခိုးပြေးရာ မိဘများက ကန့်ကွက်ခြင်းမရှိလျှင် ထိမ်းမြားခြင်းသည် တရားဝင်ပါသလားဟုမေးလာလျှင် အသက် (၁၇) နှစ်အရွယ်ရှိကြသော ယောကျ်ားလေးနှင့် မိန်းကလေးတို့ထွက်ပြေးပြီး လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ကြရာ မိန်းကလေး၏ဆွေမျိုးများက ကန့်ကွက်ခြင်းမရှိသောကြောင့် ထိမ်းမြားလက်ထပ်ခြင်းသည် တရားဝင်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် အမေးနှင့် အဖြေများကိုပူးတွဲဖော်ပြထားသည်။

စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ် - ၁၇၈/ဘီ၊ ၅ - လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## ပညာဖွံ့ဖြိုးဉာဏ်ရည်တိုးတက်စေရန် ပုံပြင်ဆုံးမလမ်းညွှန်နည်းများ




ကျေးဇူးတရားအကြောင်းပါဝင်သော ပုံပြင်လေးများကို ကလေးငယ်များကို အခါအားလျော်စွာ ပြောပြသင့်ကြောင်း စာရေးဆရာမင်းထက်ဇော် စီစဉ်ရေးသားသည့်ပညာဖွံ့ဖြိုးဉာဏ်ရည်တိုးတက်စေရန် ပုံပြင်ဆုံးမလမ်းညွှန်နည်းများစာအုပ်ထွက်ရှိလာသည်။

ကလေးငယ်များအနေဖြင့် ကျေးဇူးတရားဆိုသည်ကို တန်ဖိုးထားရမှန်း သိလာစေရန် ပုံပြင်ကလေးများနှင့် ပုံပြင်ဆုံးမပြောကြားသင့်ပြီး လူ့ဘဝတစ်လျှောက်လုံးတွင် ကလေးဘဝကနေ လူကြီးဘဝသို့ကူးပြောင်းသည့်အခါ ကျေးဇူးတရားဆိုသည်ကို သိရှိနေခြင်းအားဖြင့် ကျေးဇူး၏တန်ဖိုးကြောင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ ပေါင်းသင်းဆက်ဆံရေးတွင် အဆင်ပြေပြီး ပိုမိုအောင်မြင်လာမည်ဖြစ်သည်။ ကိုယ့်အပေါ်ကို သူတစ်ပါးက ကူညီလိုက်သည့်အခါ ကိုယ်ကကျေးဇူးတင်ပါတယ်လို့ ပြန်ပြောလေ့ရှိကြပေမယ့် ထိုကျေးဇူးတရားကို တန်ဖိုးထားသင့်သည်ကို ကလေးငယ် များအား ပြောပြသင့်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ မြေညီထပ်၊ ၃၇ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၄၃၈၇၃နှင့် ၀၉ - ၇၃၂၄၆၉၈၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

**GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း**



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower)များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၈)ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ပဉ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀)စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃)စင်း နှင့် ရွေ့လျားစက်လှေကား (၂၀)စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀)ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့်
ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းခြင်းကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့်
သုဓမ္မသီဂိဘွဲ့တံဆိပ်ကို

### "ဒေါ်တင်အုံး"

ဒေါ်ချစ်၏ 'နေနတ်သားတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး' ပခုက္ကူမြို့ အား
ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့သဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း နိုင်ငံအကျိုးအမျိုးဘာသာသာသနာ အကျိုးတို့ကို
သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝန်ထမ်းများ၊ ဒေါ်ချစ်၏ "နေနတ်သားတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး"

Imported from Singapore
www.goldenedensleepsolutions.sg

GOLDEN EDEN
SLEEP SOLUTIONS
Bedsheet \ Comforter \ Pillow \ Bolster



Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St,
Near Yuzana Plaza.
Ph: 01 203671, 205756

PROMOTION
Junction City
Date
Place
March 1 to 4 2018

"Singapore နိုင်ငံမှတင်သွင်းပြီးနူးညံ့၍ Quality ကောင်းမွန်သော အိပ်ယာခင်း စောင် ခေါင်းအုံး များကို လက်လီလက္ကား ဝယ်ယူရရှိနိုင်ပါသည်။"

NOW AVAILABLE AT Ocean, City Mart, SUPER ONE, Gandamar Wholesale, marketplace, ALLEVIZ, PRO1 Global "One Place,Get All.", SPIRITS, Sein Gay Har တို့မှာဝယ်ယူရရှိနိုင်ပါသည်။

ကျန်းရွှေမြိုင် အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း
DIGITAL PRESS & OFFSET PRINTING SERVICE
ဖုန်း-၀၉-၅၀၀ ၆၃၆၄၊ ၀၉-၅၁၁ ၆၆၄၆
၀၁-၈၁၀၀၇၅၈၊ ၈၁၀၀၇၅၉၊ ၈၁၀၀၇၆၀

ဘွေရာသီအထူးသင်တန်း
Chinese-English-Myanmar
အခြေခံမှ အဆင့်မြင့်အထိ ဖေလရကျွံကြီးများအားလုံးအတွက် B.Sc & YUFL ဘွဲ့ရ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာမမော်မြင့်ကိုယ်တိုင် ခေတ်မီနည်းစနစ်သစ်များဖြင့် တစ်ဦးချင်း (သို့) အုပ်စုလိုက် Home Visit သင်ကြားပေးနေပြီ။
လစဉ်ပုံမှန်နှင့် အမြန်သီးသန့် စကားပြောသင်တန်းများလည်းရှိသည်။
ဆက်သွယ်ရန် - 01-387990, 09-795339647, 01-385048, 09-73050825

ကျူရှင်အိမ်အရောက်သင်ပေးသည်
အလယ်တန်းဘာသာစုံ၊ သချာသီးသန့်
အထူးသင်ကြားပေးသည်၊ အငြိမ်းစား
အထက(၅)ဒိုလ်တဝတောင် ဆရာမ၊
09-73048312, 09 443048312
အမှတ်(၂၇-စီ)၊ ၁၀၃ လမ်း၊ မင်္ဂလာတောင်ညွန့်၊

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို
Ph: 01-2339310, 01-2339355,
01-578044, 01-570721

Topsyne® Herbal Cream
FDA ထောက်ခံချက်အမှတ် - 1309 PC 0021

"ဘူးခွံအရောင်ပြောင်းလဲခြင်း"
" မူလအရည်အသွေးပြောင်းလဲမှုမရှိပါ "

ကမ္ဘာ့အစိမ်းရောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းအရ ငွေရောင်ဘူးခွံ အရောင်တင်ရန် အခက်အခဲကြောင့် Topsyne Herbal Cream ငွေရောင်ဘူးကို ဆက်လက်ထုတ်လုပ်ရန် အဆင်မပြေတော့၍ Topsyne Herbal Cream ငွေရောင်ဘူးခွံအစား အောက်ဖော်ပြပါပုံအတိုင်း အစိမ်းရောင်ဘူးဖြင့် မိတ်ကပ်၏ နဂိုမူလအရည်အသွေးပြောင်းလဲမှုမရှိစေဘဲ ဆက်လက်ထုတ်လုပ်ပါမည့်အကြောင်းနှင့် ပြောင်းလဲလိုက်သော အစိမ်းရောင်ဘူး Topsyne Herbal Cream ကိုလည်း ပျိုမေတို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်အားပေးကြစေလိုကြောင်း ပန်ကြားအပ်ပါသည်။




Apple Production Co., Ltd. - 09 4293 16408, 09 4286 18081

ရောင်းမည်
ဆေးရုံသုံး ခုတင်
သတိုးအောင်ဇေယျမှ
ရောင်းပါမည်။
၀၉-၄၅၂၁၀၂၂၂၅
၀၉-၅၀၇၁၇၇၉
Facebook:hospitalbed-ttazy

KN tech Engineering Group
Air-Con ရေခဲသေတ္တာအဝတ်လျှော်စက်များကိုအာမခံဖြင့်ပြုပြင်တပ်ဆင်ရောင်းဝယ်လဲလှယ်ပေးခြင်းကိုအိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
Ph: 09-400788135
09-762276128

တြံ တြံ တြာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း တောင်ပိုင်း၊
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း-၀၉ ၅၃၂၂၂၅၈၊
၀၉ ၉၆၀၂၃၄၄၃၄

မာ SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

အမြန်ရောင်းလိုသည်
၁။ ဦးဝိဇ္ဇာလမ်း၊ (၁၂×၅၀)၊မြေညီ+ပထမထပ်၊
၂-လွှာပေါင်း (ပြင်ဆင်ပြီး)ကားပါကင်ရှိ၊
ပုဇွန်တောင်မြို့နယ်၊ သိန်း(၁၃၅၀)
၂။ စဉ့်အိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
(၅၀×၅၅)၊ ၈-လွှာ (ပြင်ဆင်ပြီး)Fully Funiture, China Town Condo
လသာမြို့နယ်၊ သိန်း(၄၀၀၀)
ဖုန်း-09 5122233, 09 49497777

### ဒေါ်သင်းသီရိအောင်နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်ကို [၉/ရပသ(နိုင်)၀၄၅၂၂၈]သည် ဇနီးဖြစ်သူ ဒေါ်သင်းသီရိအောင် [၁၂/မရက(နိုင်)၀၄၇၀၄၅]နှင့် (၄-၁၁-၂၀၁၅)ရက်ကတည်းက တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်သင်းသီရိအောင်သည်ခင်ပွန်းနှင့် မကြာခဏ စကားများသည့်ရက်များရှိလာခဲ့ပြီးနောက် လွန်ခဲ့သော(၉)လခန့်က ဦးကောင်းမြတ်ကို အိမ်မှာမရှိစဉ်ရွှေထည်အသုံးအဆောင်အဝတ် အစားများနှင့်သားငယ်ကိုယူကာ ဦးကောင်းမြတ်ကိုအား မည်သို့မျှ အသိမပေး ဘဲ အိမ်မှထွက်သွားခဲ့ပြီး ၎င်း၏ လက်ဝယ်ဝတ်ဆင်ထားသော လက်ထပ်လက်စွပ်ကိုထားပြစ်ခဲ့ပါသည်။ ၎င်းထံမှ ရှေ့နေဒေါ်ချောစုလင်း၏ (၁၅-၆-၂၀၁၇) ရက်စွဲပါအကြောင်း ပြန်ကြားစာအပေါ် ဦးကောင်းမြတ်ကို၏ ရှေ့နေမှ (၇-၇-၂၀၁၇)ရက်စွဲပါ ပြန်ကြားစာဖြင့်ပြန်ကြားခေါ်ယူပြီးနောက် ယနေ့တိုင် အောင်ဆက်သွယ်၍ မရဖြစ်နေပါသည်။ သို့ပါ၍ ဒေါ်သင်းသီရိအောင်၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဒေါ်သင်းသီရိအောင်သို့သာ ဆက်သွယ်ပါရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်ကိုနှင့် ဆက်နွယ်ပတ်သက်မှုလုံးဝမရှိပါကြောင်းနှင့် မည်သို့မျှတာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘမော် (B.Sc,R.L,D.A,D.M.A,D.B.L,D.A.Psy)**
**W.I.P.O.(D.L.101) (Switzerland)**
**အတရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၂၈)**
**တိုက်( K) အခန်း(၄၀၅)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊**
**အလုံမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၁၂၂၈၇၆၅၊ ၀၉၅၁၂၇၁၀၄**


HONDA | NCX
LET'S CELEBRATE!
NEW HONDA WAVE
2018 MODEL
NEW WAVE 100
REGION'S BEST SELLING
BEST SELLING IN THE REGION
20 YEARS
20 YEARS ANNIVERSARY
1 NUMBER ONE IN MYANMAR
2017 MYANMAR BEST SELLING
THE MOST POPULAR
40 MILLION UNITS SOLD
START FROM
1,150,000 KYATS | CALL NOW 01218521
GL-AMMK
SUPPORTING CENTURY FINANCE
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Honda NCX အရောင်းပြခန်းတွေမှာ ယခုပဲမှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြပါစို့။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၁၈၅၂၁
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇ • မကွေး ဖုန်း - (၀၆၃) ၂၅၈၆၉
MOBILE SERVICE
HONDA | NCX
HONDA
NCX MYANMAR CO.,LTD.
SERVICE

## ဦးမျိုးသန့် (၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း၊ (၅၂)လမ်း၊ အမှတ် (၂၀) နေ (ဦးဘိုးရွှေ-ဒေါ်နုနု)တို့၏သား၊ဒေါ်ချို၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၂-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး (၉)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄) နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၇)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဖြည့်တင်းရေးဌာနခွဲ(၁)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၁)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၃)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ပါသိန်း(မုဒုံ) (၈၄)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၃)၊ မြစံပယ်ရိပ်သာလမ်း၊ ပါရမီနေ ဦးအောင်ပါသိန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၅)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်

## အသက် (၁၀၁) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် (၁၅၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဒုတိယထပ်နေ (ဦးစိုးတင်-ဒေါ်စောတင်) တို့၏သမီး၊ (ဒေါ်ခင်ခင်) ၏ညီမ၊ (ဦးစိန်မြင့်)၊ ဆရာလေး (ဦးကျော်မြင့်)၊ ဒေါ်ရီရီတို့၏အစ်မ၊ ဒေါ်တင်တင်အေး၏ အဒေါ်၊ ဒေါ်သန်းသန်းမြ၏ မိခင်သည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးသန်းနိုင်စိုး(ခ)ဦးပီတာ

## အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ပပအောင်(ခ)ဒေါ်တူးတူး ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှမြင့်စိုး၊ ဒေါက်တာအောင်ကျော်ထွန်း-မအိန္ဒြေအေး တို့၏ အစ်ကိုကြီး၊ ဦးမျိုးကျော်(ခ)ဦးမိုးကျော်-ဒေါ်နှင်းလွင်စိုး(ခ)ဝိုင်းလေး၊ ဦးစန်းမြင့်-ဒေါ်ဆန်းသွင်စိုး(ခ)ထွေးလေး တို့၏ ညီ/မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ချစ်လှစွာသော ဘကြီးသည် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်လွှာ

ကွယ်လွန်သူ ဒေါ်ခင်သိန်းရီ ကိုယ်တိုင်ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြော၍ ၎င်းအား ထိုဆေးရုံမှလွဲ၍ အခြားမည်သည့်ဆေးရုံကိုမျှ မပို့ရန် အကြိမ်ကြိမ်ပြောကြားလောက်အောင်ပင် အထူးဂရုစိုက်ပြုစုကုသပေးပါသော. . .

SSC ရွှေဂုံတိုင် အထူးကုဆေးရုံမှ ကျောက်ကပ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်သန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းသန်းနွဲ့၊ ကျောက်ကပ်သွေးသန့်စင်ဌာနမှ ဒေါက်တာဒေါ်မြတ်မွန်ဝင်း၊ ဒေါက်တာဟေမာန်သိမ့်သိမ့်ထွန်း၊ အထက်တန်းသူနာပြုများဖြစ်ကြသော ဒေါ်နော်ဆေးဖော (သမီးလေး)၊ ဒေါ်ခင်မေဦး(သမီးကြီး)၊ လူနာအဖွားဒေါ်ခင်သိန်းရီမှ အထူး ချစ်ခင်တောင့်တသော-မနော်လယ်လားရှီး(ရှူးရှဲ)၊ မပိုင်အေးအေးနိုင်(မပိုက်)၊ မနန့်မေဝတ်မှုံ(အဘွားလေး)၊ မစုမွန်သော်(လောရှည်)၊ မနီနီခိုင်၊ မဝတ်ရည်ခိုင်၊ မဟေမာလွင်တို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)

## အသက်(၈၃)နှစ်

## (ရေ-၁၀၈၂)၊ စစ်တက္ကသိုလ်အပတ်စဉ် (၂)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေလုပ်ငန်း**
**အမှုဆောင်အရာရှိချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)သည် ၂၅-၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်**
**ပို့ကုန်လုပ်ငန်းရှင်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်သိန်းရီ

## အသက် (၇၆) နှစ်

အမှတ် (၁၀၃) ခြေမြန်တပ်ရင်း၊ အရာရှိစစ်သည်တော်ဟောင်းများ လူမှုရေးအဖွဲ့၏နာယကကြီး ဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်ခင်သိန်းရီသည် ၂၄-၂-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**အမှတ်(၁၀၃)၊ ခြေမြန်တပ်ရင်း**
**(အရာရှိစစ်သည်တော်ဟောင်းများ၊ လူမှုရေးအဖွဲ့)**

---

## အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)မြောက်၊ မြေကွက်အမှတ်(၄၂၁/ခ)၊ အနော်မာလမ်း(၂၀)အနောက်ဟုခေါ်တွင်သည့် မြေအကျယ် ပေ(၂၀×၆၀) မြေကွက်၏ နှစ်(၆၀)ဂရန်မြေကွက်အမည်ပေါက် ဦးမင်းကိုဦး[၁၂/သကတ(နိုင်)၁၆၆၁၁၇]နှင့် ဒေါ်ချယ်ရီထွန်း[၁၂/သကတ(နိုင်)၁၇၉၀၆၉]တို့အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေရည်ဝင်းမောင်[၁/မကန(နိုင်)၀၀၄၃၂၆] ကိုင်ဆောင်သူက အရောင်းအဝယ်တန်ဖိုးတစ်စိတ်တစ်ဒေသပေးအပ်ပြီး၍ အရောင်းအဝယ်ပြုလုပ်သည့် အထက်ဖော်ပြပါ ဂရန်မြေကွက်ကို ပိုင်ဆိုင်ထိုက်သူ၊ အကျိုးခံစားခွင့်ရှိသူ တစ်စုံတစ်ဦးရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်ထက်မကျော်ဘဲ ကျွန်ုပ်ထံခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

သတ်မှတ်ရက်ကုန်လွန်သည့်တိုင်အောင် ကန့်ကွက်မှုမပြုခဲ့လျှင် မြေကွက်အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည့်အကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးညွှန့် (အထက်တန်းရှေ့နေ) (စဉ်-၄၂၅၃၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။**

---

## အထူးကျေးဇူးတင်ရှိခြင်း

(၂၀ - ၁၂ - ၂၀၁၈) ရက်နေ့တွင် ကွယ်လွန်သွားသော ဘုရားရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကျင်မေ (ပြည်မြို့) ၏ နာရေးတွင် ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊တယ်လီဖုန်း၊ လူမှုကွန်ရက်များမှ ဝမ်းနည်းကြောင်းအားပေးနှစ်သိမ့်ပေးကြသူများကိုလည်းကောင်း၊ လှူဖွယ်ဝတ္ထုများ လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းများ ပေးပို့ကြသောသူများကိုလည်းကောင်း၊ သံဝေဂဘာဝနာရွတ်ဆိုပေးကြသော သဏ္ဍာန်မိတ္တာရုံစာသင်တိုက်မှ သီလရှင်ဆရာလေးများကိုလည်းကောင်း ကျေးဇူးအထူးပင် တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းရီ (လှည်းကူးမြို့)

## အသက်(၈၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန) တို့၏ကျေးဇူးရှင်မိခင်ကြီးသည်၂၅-၂-၂၀၁၈ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်စီမံကိန်း**
**ဦးစီးရုံးမှဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ပါသိန်း

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ပါရမီနေ သူငယ်ချင်း ဒေါက်တာမြင့်ထိန်-အန်တီအေးတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးအောင်ပါသိန်းသည် ၂၆-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်ကျော်ထွန်း-ခင်မေလတ်**
**ဖွေးဖွေး၊ သားထွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)

## အသက်(၈၃)နှစ်

## (ရေ-၁၀၈၂)၊ စစ်တက္ကသိုလ်အမှတ်စဉ် (၂)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေလုပ်ငန်း**
**အမှုဆောင်အရာရှိချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)သည် ၂၅-၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်**
**ပို့ကုန်လုပ်ငန်းရှင်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်

## အသက်(၈၁)နှစ်

စီပီအေ အပတ်စဉ်(၁၅)မှ ဦးသက်ဦး-ဒေါ်ခင်စန်းဝေ (ကနေဒါ)တို့၏ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်သည် ၂၆-၂-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီပီအေ(၁၅+၁၆)မှ သူငယ်ချင်းများ**

---

## မြို့ ရွာ တစ် ခွင် သာစေ ချင် မီးတွင် မပေါ့နှင့်

## ဗလ ငါးတန် ဖွံ့ဖြိုး ဖို့ စာအုပ် စာပေ လေ့လာစို့

---

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)

## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ၂၀၁၈ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂

ဒေါ်လှလှအေး
အမှတ်(၄၄)၊ မြရတနာ(၁၀)လမ်း
(ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

**လျှောက်ထားသူ**

ကွယ်လွန်သူ ဦးညွန့်ရွှေ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁၀)လမ်း၊ အမှတ်(၄၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွန့်ရွှေ၏ သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်လှလှအေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ရက် (၁၃၇၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွန့်ရွှေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၁၈ခုနှစ် မတ်လ ၃၀ရက်(၁၃၇၉ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက် လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်လှလှအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၁၃)၊**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဖိုးကျားဆင်စခန်းနှင့် ဝဂ်ဘော်ဆင်စခန်းများ အခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဖိုးကျားဆင်စခန်း၌ ဆင်များ၏ အလှသရုပ်ဖော်ပြကွက်များကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဖိုးကျားဆင်စခန်းနှင့် ဝဂ်ဘော်ဆင်စခန်းတို့သို့ ရောက်ရှိပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသ ဖိုးကျားဆင်စခန်းသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတအား ဖိုးကျားဆင်စခန်း ရှင်းလင်းဆောင်၌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂွန်ရွှေဘက ဖိုးကျားဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ စခန်းအတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဆင်ကောင်ရေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# တူရကီနိုင်ငံမှ ခရီးသွားဧည့်သည် ၂၀ ပါဝင်သည့်အဖွဲ့ မြန်မာနိုင်ငံသို့ ကိုးရက်ကြာ အလည်အပတ်ရောက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ယခုနှစ် ခရီးသွားရာသီတွင် တူရကီနိုင်ငံ MAPPA TUR & Group ကုမ္ပဏီ၏ ပထမဆုံးအကြိမ်အဖြစ် တူရကီခရီးသွားဧည့်သည် ၂၀ ပါဝင်သည့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသည်။

"တူရကီနိုင်ငံက မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်အရေအတွက် အတော်နည်းပါတယ်၊ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းမှာ စိန်ခေါ်မှုတွေလည်း ကြုံတွေ့နေရပါတယ်၊ ဒီလိုအချိန်မှာ တူရကီနိုင်ငံက အုပ်စုလိုက် လာရောက်လည်ပတ်တယ်ဆိုတာ ကောင်းမွန်တဲ့အခွင့်အရေး ဖြစ်ပါတယ်၊ အခုခရီးစဉ်ကနေ မြန်မာနိုင်ငံက ပျော်ရွှင်စရာကောင်းတဲ့၊ လေ့လာလည်ပတ်စရာကောင်းတဲ့ နေရာဒေသအဖြစ် သက်သေပြနိုင်မယ်ဆိုရင် တူရကီခရီးသွားဧည့်သည်တွေ မြန်မာနိုင်ငံကို ပိုပြီးဝင်ရောက်လာမှာဖြစ်ပါတယ်"ဟု ယခုခရီးစဉ်ကို တာဝန်ယူစီစဉ်သည့် Diethelm Travel မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးဝေရာဇာက ပြောသည်။

အဆိုပါ အဖွဲ့၏ ကိုးရက်ကြာခရီးစဉ်အတွင်း ရန်ကုန်မြို့၏ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ချောက်ထပ်ကြီးဘုရား၊ ဗိုလ်တထောင်ဘုရား၊

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍**